ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

----------

ပြန်ကြားရေးဝန်ကြီးဌာန
စာအုပ်အမှတ်စဉ် ( ၁၀၀/၂၀၂၁ )

**ထုတ်ဝေသည့်ခုနှစ်**
၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်

**အုပ်ရေ**
၂၀၀၀ အုပ်

**ပုံနှိပ်**
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

# မာတိကာ


- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆


**မိန့်ခွန်းများ**


၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၉)လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်း ၇

၂။ မန္တလေးမြို့ရှိ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ အားကစားကွင်းများနှင့် မန္တလေးတက္ကသိုလ် တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၁၄

၃။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တွေ့ဆုံပွဲတွင် ပြောကြားသည့် အမှာစကား ၁၇

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးအမှတ်စဉ်(၁၇/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၂၀

၅။ ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်စက်မှုဇုန်နယ်မြေရှိ EVER Meter စက်ရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၂၆

၆။ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)နှင့် မြန်မာ့ဆေးဝါးစက်ရုံ(အင်းစိန်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၂၈

၇။ “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ထုဆစ်ခြင်းနှင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များအား ပြောကြားသည့် အမှာစကား ၃၂

၈။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ် (၄) ကျောင်းဆင်းမည့် ကျောင်းသား/ကျောင်းသူများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၃၅

၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီ အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၄၁
၁၀။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၄၃
၁၁။ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၂၁) တွင် ပြောကြားသည့် မိန့်ခွန်း ၄၈

## သဝဏ်လွှာများ

၁။ (၆၆) နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၅၅
၂။ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၅၈

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

## ၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

( ဂ ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

## ၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

( ဂ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

## ၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

( ဂ ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၉) လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်း

( ၁ - ၁၁ - ၂၀၂၁ )



ချစ်ခင်လေးစားအပ်တဲ့ တိုင်းရင်းသားမိဘပြည်သူများခင်ဗျာ၊ အားလုံးပဲ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေနဲ့ နိုင်ငံတော်အား နိုင်ငံရေးအရ အရေးပေါ် အခြေအနေကြေညာပြီးတော့မှ တာဝန်ယူဆောင်ရွက်ခဲ့တာ ၉ လပြည့်တဲ့နေ့ ဖြစ်ပါတယ်။ ဒီ ၉ လတာကာလအတွင်းမှာ ကျွန်တော်တို့ကောင်စီရဲ့ ဆောင်ရွက်မှုအခြေအနေများကို ကျွန်တော်ရှင်းပြလိုပါတယ်။ နိုင်ငံတော်အနေနဲ့ ဘာတွေလုပ်သင့်တယ်ဆိုတာလေးလည်း ကျွန်တော်အနည်းငယ်ပြောလိုပါတယ်။ ကျွန်တော်တို့ကောင်စီတာဝန်ယူပြီးတဲ့အချိန်မှာ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ချမှတ်ခဲ့ပါတယ်။ ရှေ့လုပ်ငန်းစဉ်(၁) မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြန်လည်ဖွဲ့စည်းပြီးတော့ ရွေးကောက်ပွဲမဲစာရင်းတွေစစ်ဆေးပြီးခြင်းအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်တာတွေကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမယ်လို့ ကျွန်တော်တို့ပြောခဲ့တာရှိပါတယ်။ ဒါလည်းကော်မရှင်က ဖွဲ့စည်းပြီးတော့မှ ပြန်လည် စစ်ဆေးပြီးတော့ လုပ်ငန်းအားလုံးပြီးစီးပြီးဖြစ်ပါတယ်။ တွေ့ရှိချက်များကိုလည်း ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိနေကြောင်းလည်း ပြောလိုပါတယ်။

**အမြင့်မားဆုံးဖြစ်ပွားခဲ့**

ဒုတိယအချက်အနေဖြင့် ယခုလောလောဆယ်ဖြစ်ပွားနေတဲ့ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး ကာကွယ်ရေး

လုပ်ငန်းတွေကို အရှိန်အဟုန်မပြတ် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမယ်လို့ ကျွန်တော်ပြောခဲ့တာရှိတယ်။ ကိုဗစ်ရောဂါပထမလှိုင်းဟာ ပြီးခဲ့တဲ့နှစ် မတ်လ ၂၃ ရက်နေ့ကနေ စခဲ့ပါတယ်။ ဩဂုတ်လ ၁၅ ရက်နေ့မှာတော့ ပထမလှိုင်းပြီးခဲ့တယ်လို့ ကျွန်တော်တို့တွေ့တယ်။ ဒုတိယလှိုင်းကတော့ ပြီးခဲ့တဲ့ ၈ လ ပိုင်း ၁၆ ရက်နေ့ကနေ စခဲ့ပြီးတော့ ဒီနှစ် ဖွန်လ ၂၆ ရက်အထိ ဖြစ်ပါတယ်။ မှတ်တမ်းများအရ ကြည့်မယ်ဆိုရင် အောက်တိုဘာလ ၃၁ ရက်နေ့အထိ ကိုဗစ်ရောဂါဖြစ်ပွားမှု ကျွန်တော်တို့နိုင်ငံမှာ အားလုံးပေါင်း ၅၀၀၀၇၃ ယောက်ရှိပါတယ်။ သေဆုံးသူက ၁၈၆၉၇ ယောက် (၃ ဒသမ ၇၄)ရာခိုင်နှုန်းရှိပါတယ်။ အဆိုးဆုံးကတော့ ဇူလိုင်လမှာ ၁၄၁၉၀၈ ယောက်ဖြစ်ခဲ့ပြီး (၃၃ ဒသမ ၃၈) ရာခိုင်နှုန်းနဲ့ အမြင့်မားဆုံးဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။ ဩဂုတ်လမှာတော့ သေဆုံးမှုအမြင့်ဆုံး ၆၀၅၅ ယောက် (၆ ဒသမ ၀၅) ရာခိုင်နှုန်းရှိတာတွေ့ပါတယ်။ ကိုဗစ်ရောဂါတတိယလှိုင်းဖြစ်ပွားတဲ့ကာလအတွင်းမှာ အရေးအင်မတန်ကြီးလာတဲ့အတွက်ကြောင့်

နောက်တစ်ခုကတော့ စက်သုံးဆီနဲ့ပတ်သက်ပြီး ကျွန်တော်အနည်းငယ် ရှင်းပြလိုပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်းမှာ ဒီဇယ်နဲ့ ဓာတ်ဆီတင်သွင်းရမှုဟာ အားလုံးပေါင်း တန်ဖိုးအားဖြင့် ဒေါ်လာ ၂ ဒသမ ၁၂၉ ဘီလီယံ ရှိပါတယ်။ ပြီးခဲ့တဲ့ မိနစ်ခွန်းတွေမှာ ကျွန်တော်ထည့်ခဲ့ပါတယ်။ အဲဒါဘာလဲဆိုတော့ စားအုန်းဆီနဲ့ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်မှာပဲ တန်ချိန်ရှစ်သိန်းကျော် သွင်းခဲ့ရပြီးတော့မှ ၈၂၆ သန်းဖိုး သွင်းခဲ့ရတာ ရှိပါတယ်။ အဲဒီတော့ ခုနက စက်သုံးဆီရယ်၊ စားသုံးဆီရယ်ပေါင်းလို့ရှိရင် သုံးဘီလီယံ နီးပါးလောက် ရှိတာကို တွေ့ရပါတယ်။ အဓိက ကျွန်တော် ဆိုလိုချင်တာကတော့ စက်သုံးဆီနဲ့ပတ်သက်ပြီးတော့ အတတ်နိုင်ဆုံး ခြိုးခြံချွေတာ သုံးစွဲဖို့ မေတ္တာရပ်ခံလိုပါတယ်။

ကျွန်တော်ကိုယ်တိုင်ဦးဆောင်ပြီးတော့မှ ကိုဗစ်ထိန်းချုပ်ရေးဗဟိုကော်မတီအနေနဲ့ အစည်းအဝေးတွေ ကျွန်တော်ကျင်းပပြီး ထိန်းချုပ်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီတတိယလှိုင်းစတင်ဖြစ်ပွားတဲ့ကာလမှာ ကျွန်တော်တို့အခက်အခဲတွေအများကြီးရှိတယ်။ တစ်အချက်ကတော့ဆေးဝါး မပြည့်စုံမှု၊ ဒုတိယကတော့ဆေးပစ္စည်းတွေမပြည့်စုံမှု၊ တတိယကတော့ အောက်ဆီဂျင်မပြည့်စုံမှု၊ စတုတ္ထကတော့ ကျန်းမာရေးဝန်ထမ်းမပြည့်စုံမှုလိုအပ်ချက်တွေရှိတယ်။ ဒါတွေအခက်အခဲတွေကြားထဲကနေပြီးတော့ ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော့်ရဲ့မူကတော့ လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိဘူး၊ ဒီကိုဗစ်နဲ့ပတ်သက်လို့ရှိရင် ဘယ်လိုနည်းနဲ့ပဲကုန်ကျပါစေ၊ ကျွန်တော်တို့ ကုန်ကျခံမယ်ဆိုပြီးတော့ ပြည်တွင်းပြည်ပကနေပြီးတော့ ရနိုင်တဲ့လမ်းကြောင်းတွေကနေ ဝယ်ယူဆောင်ရွက်ခဲ့တာတွေ ရှိတယ်။ ဒီမှာမြန်မာတွေရဲ့ ယဉ်ကျေးမှုလက္ခဏာဖြစ်တဲ့ကူညီချင်တဲ့စိတ်၊ လှူဒါန်းချင်တဲ့စိတ်တွေက သူများနိုင်ငံတွေထက် သာလွန်တာတွေရှိတယ်။ ဒီစိတ်ဓာတ်တွေကြောင့် ကိုဗစ်ဖြစ်ပွားတဲ့အချိန်မှာ ပြည်သူတွေက နေပြီးတော့ ဆေးပစ္စည်းတွေ၊ ဆေးဝါးတွေ၊ နောက် အောက်ဆီဂျင်တွေကို ရရာလမ်းကြောင်းကနေ ရအောင်ရှာပြီးတော့ လှူဒါန်းမှုတွေပြုခဲ့တယ်။ အလားတူစွာပဲ ကျန်းမာရေးဝန်ထမ်းတွေ လိုအပ်ချက်ရှိတဲ့အချိန်မှာ အငြိမ်းစားဝန်ထမ်းတွေ၊ တပ်မတော်ဘက်၊ နယ်ဘက်ဝန်ထမ်းတွေကလည်း ရရာလမ်းကြောင်းကနေ လာရောက်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုတွေရှိတယ်။ ဒီလိုကနေပြီးတော့မှ ကျွန်တော်တို့ကြိုးစားဆောင်ရွက်မှုတွေကြောင့် နောက်တစ်ခါ အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံနဲ့တရုတ်နိုင်ငံကနေပြီးတော့ကာကွယ်ဆေးနဲ့ကာကွယ်ရေးပစ္စည်းတွေ အဆင်ပြေပြေရရှိရေးကို အများကြီးဆောင်ရွက်ပေးခဲ့တဲ့အတွက်ကြောင့် ထိန်းသိမ်းနိုင်မှုအခြေအနေများ ကောင်းလာခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ဆိုလို့ရှိရင် ဖြစ်ပွားမှုရာခိုင်နှုန်းက တစ်နိုင်ငံလုံးနဲ့ကြည့်မယ်ဆိုရင်တော့ ၅ ရာခိုင်နှုန်းအောက်ကျနေပြီဖြစ်ပါတယ်။ ဒါပေမယ့် အဓိကဖြစ်ပွားမှုနှုန်းများတဲ့ အဓိကမြို့နယ် ၁၅ မြို့နယ်ကို ဖယ်လိုက်လို့ရှိရင် ကျွန်တော်တို့တကယ်ဖြစ်ပွားတဲ့ ရာခိုင်နှုန်းက ၃ ရာခိုင်နှုန်း ပတ်ဝန်းကျင်ပဲရှိတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ဒီဟာတွေကို ကိုဗစ်

ရောဂါထိန်းချုပ်ရေးနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့လုပ်နိုင်တဲ့ပမာဏအတွင်းမှာ လုပ်ပြီးပြီဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ရပ်ထားခဲ့ရတဲ့ ယန္တရားမျိုးစုံကို ပြန်လည်လည်ပတ်ဖို့အတွက် ဆောင်ရွက် ပေးတာတွေ ရှိပါတယ်။ အဲဒီတော့ ဒီကိုဗစ်ရောဂါဖြစ်ပွားတဲ့အတွင်းမှာပဲ Stay at Home သတ်မှတ်ခဲ့တာ ရှိပါတယ်။ ၂၈ ရက် ၅ လ ၂၀၂၁ ရက်နေ့ကနေပြီးတော့ စတင်ကြေညာပြီးတော့ ၂၄ ရက် ၈ လ အထိ ၁၁၉ မြို့နယ်ကြေညာခဲ့ရတာ ရှိပါတယ်။ အခြေအနေကောင်းတဲ့အတွက်ကြောင့် မြို့နယ် ၅၀ ကို ပြန်လည်လွှတ်ခဲ့ပြီးတော့ ၆၉ မြို့နယ်ကျန်ရှိနေတာရှိပါတယ်။ ဒီမြို့နယ်တွေကလည်း ဆက်လက်ကြိုးစားဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် Stay at Home သတ်မှတ်ချက်ကနေပြီးတော့ လျှော့ချပြီးဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်ယူဆပါတယ်။

ကျွန်တော်တို့ တာဝန်ယူပြီးတဲ့နောက်ပိုင်းမှာ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပြည်ထောင်စုနေ့ ထူးခြားတဲ့လက္ခဏာရှိတဲ့အတွက်ကြောင့် အဲ့ဒီမှာလည်းကျွန်တော် ပြစ်ဒဏ်ကျခံနေတဲ့ အကျဉ်းသားပေါင်း ၂၃၃၁၉ ဦးကို ပြစ်ဒဏ်ကနေ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ထူးခြားတဲ့ရက် နှစ်ရက်ရှိပါတယ်။ အဲ့ဒါကတော့ နှစ်ဆန်းတစ်ရက်နေ့နဲ့ သီတင်းကျွတ်လပြည့်နေ့ ဖြစ်ပါတယ်။ ကုသိုလ်ကောင်းမှုတွေလုပ်ကြတယ်၊ ဆရာသမား၊ မိဘတွေကိုလည်းကန်တော့ကြတယ်။ ဒီလိုအတွက်ကြောင့် ဒီကုသိုလ်လေးတွေကိုရရှိစေရန် အလို့ငှာပဲ ၂၃၁၈၄ ဦးကို မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာ လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပါတယ်။ အလားတူစွာပဲ သီတင်းကျွတ်လပြည့်နေ့မှာလည်း ၅၆၃၆ ယောက် အမှုပိတ်သိမ်းတဲ့သူတွေအပါအဝင် လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပါတယ်။ အလားတူပဲ NCA (၆)နှစ်ပြည့်ဖြစ်တဲ့ အထိမ်းအမှတ်နေ့ နိုဝင်ဘာ ၁၅ ရက်နေ့ကလည်း ၁၁၄ ဦးကိုလွတ်ငြိမ်းခွင့်ပေးခဲ့တာရှိပါတယ်။ ဒါတွေကြောင့် အားလုံးပေါင်း ပြစ်ဒဏ်ကနေလွတ်ငြိမ်းခွင့်ပေးခဲ့တာဟာ ၄၇၈၆၉ ယောက်ရှိပြီး အမှုပိတ်သိမ်းမှုပေါင်း ၄၄၃၄ ယောက်ရှိကြောင်း ပြောကြားလိုပါတယ်။

**ကာကွယ်ဆေးထိုးပြီးသူပေါင်း ၁၃ ဒသမ ၃ သန်း**

ဆက်လက်ပြီးကျွန်တော် ကိုဗစ်ရောဂါကာကွယ်ဆေးနဲ့ပတ်သက်ပြီး ဆောင်ရွက်မှုအခြေအနေများကို တင်ပြလိုပါတယ်။ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံကနေ ကာကွယ်ဆေးဝယ်ယူရရှိမှု၊ လှူဒါန်းမှုတွေအားလုံးပေါင်းဟာ ၃၃ ဒသမ ၈ သန်းရှိပါတယ်။ အဲ့ဒီကနေ ကျွန်တော်တို့ ဇန်နဝါရီလ ၂၇ ရက်နေ့ကနေစပြီးတော့ ကာကွယ်ဆေးထိုးနှံမှုတွေ ကျွန်တော်တို့ စခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာ ၃၁ ရက်နေ့အထိ ကာကွယ်ဆေးထိုးပြီးသူပေါင်း ၁၃ ဒသမ ၃ သန်း၊ ပထမအကြိမ်ထိုးတာရော ဒုတိယအကြိမ်ထိုးတာရော နှစ်ကြိမ်ထိုးတာရော ပါဝင်ပါတယ်။ ဦးတည်ထားတာက ၄၅ နှစ် အထက်ဦးတည်ထိုးတာဆိုတော့ ၄၅ နှစ်အထက် လူဦးရေ၏ ၃၅ ရာခိုင်နှုန်းကျော်ထိုးပြီးဖြစ်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ အလားတူစွာပဲ နိုင်ငံ့ဝန်ထမ်းအားလုံး ၈ သိန်းကျော်ရှိပါတယ်။ အဲ့ဒီထဲကနေပြီးတော့မှ ၃၅၄၀၀၀ ကျော် ထိုးနှံပြီးဖြစ်ပါတယ်။ ၄၄ ဒသမ ၂ ရာခိုင်နှုန်းကျော် ထိုးပြီးဖြစ်တယ်လို့ ကျွန်တော်တို့တွေ့ရမှာဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့က ကျောင်းတွေဖွင့်ဖို့ပြင်ဆင်တဲ့အခါမှာ ကျောင်းသားတွေ ဆေးထိုးဖို့လိုတဲ့အတွက်ကြောင့် ကျွန်တော်တို့ခုနကပြောတဲ့ ဦးတည်သူ အသက် ၄၅ နှစ်ကနေပြီးတော့ အသက် ၁၂ နှစ်အထက် ကျောင်းသားတွေဆေးထိုးဖို့အတွက်လည်း ဆောင်ရွက်ခဲ့ပါတယ်။ အားလုံးပေါင်း Register လုပ်ထားတဲ့ ကျောင်းသားပေါင်း ၁ ဒသမ ၁ သန်းကျော်ရှိပါတယ်။ အဲ့ဒီထဲကနေပြီးတော့ အောက်တိုဘာ ၃၁ ရက်နေ့အထိ ၉ ဒသမ ၈ သိန်း(First Does) ထိုးနှံပြီးဖြစ်ပါတယ်။ ၈၄ ဒသမ ၆ ရာခိုင်နှုန်းထိုးပြီးဖြစ်ပါတယ်။ (Second Does) ကိုတော့ နိုဝင်ဘာလ ၉ ရက်နေ့မှာ ဆက်လက်ထိုးမယ်လို့ စီစဉ်ထားကြောင်း ကျွန်တော်အသိပေးလိုပါတယ်။ အလားတူစွာပဲ တက္ကသိုလ်နှင့် ကောလိပ်ကျောင်းတွေကိုလည်း မကြာခင်မှာပဲ ဖွင့်နိုင်ဖို့အတွက် ကျွန်တော်ကြိုးစားဆောင်ရွက်နေတဲ့အတွက်ကြောင့် တက္ကသိုလ်နဲ့ ကောလိပ်တွေမှာ မှတ်ပုံတင်ထားတဲ့သူများကိုလည်း အမြန်ဆုံးထိုးနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေတဲ့အကြောင်းကို ပြည်သူလူထုကို ကျွန်တော်အသိပေးလိုပါတယ်။ ကျောင်းဖွင့်ရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်မှုအခြေအနေနဲ့ပတ်သက်လို့ ကျွန်တော်တို့ ပြီးခဲ့တဲ့ ဇွန်လ ၁ ရက်နေ့မှာကျောင်းတွေဖွင့်လှစ်ခဲ့တယ်။ သို့သော်လည်းပဲ ဒုတိယလှိုင်းအပြီးနဲ့ တတိယလှိုင်းအရှိန်မြင့်လာတဲ့အတွက်ကြောင့် ဇူလိုင်လ

၉ ရက်နေ့မှာ ပြန်ပိတ်ခဲ့ရပါတယ်။ လက်ရှိအချိန်မှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်းကျဆင်း လာတာတွေ့ရတဲ့အတွက်ကြောင့် ပြည်နယ်နှင့် တိုင်း ၉ ခုမှာ ဖြစ်ပွားမှု နှုန်းများနေဆဲဖြစ်တဲ့ မြို့နယ် ၄၆ မြို့နယ်ကို ချန်လှပ်ပြီးတော့မှ ကျန်တဲ့ကျောင်းတွေ၊ ပုဂ္ဂလိကကျောင်းတွေ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေအပါအဝင် အားလုံး ဒီနေ့ကစပြီး စတင်ဖွင့်လှစ်ပြီး ဖြစ်ပါတယ်။ ဒီနေရာမှာ မိဘပြည်သူများကို မေတ္တာရပ်ခံချင်တာကတော့ ကိုဗစ်စည်းကမ်းနဲ့ပတ်သက်ပြီး သတ်မှတ်ထားတဲ့ သွားလာမှုစည်းကမ်း၊ နေထိုင်မှုစည်းကမ်း၊ ဒါတွေကိုအပြည့်အဝလိုက်နာပြီးတော့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် လက်ရှိကျောင်းဖွင့်လှစ်မှုကိုလည်း ထိခိုက်မှုလျော့နည်းနိုင်စရာ အကြောင်းရှိတဲ့အတွက်ကြောင့် ဒါကိုလည်း တိတိကျကျနဲ့ အလေးထားဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ တစ်ဖက်ကလည်း ကျန်ရှိတဲ့ ၄၆ မြို့နယ်မှာရှိတဲ့ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်ဆိုရင် ကိုဗစ်ဖြစ်ပွားမှုနှုန်းကို လျော့ကျအောင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာမြို့နယ်များ၊ သက်ဆိုင်ရာပြည်နယ်၊ တိုင်းအစိုးရများကနေပြီးတော့မှ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် အခြေအနေကောင်းတွေ ရနိုင်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ဖြစ်ပွားမှုနှုန်းများနေတယ်လို့ ယူဆရတဲ့ ရှမ်းပြည်နယ်ဒေသကိုလည်း ဒုတိယဝန်ကြီးတစ်ဦးကို ကျွန်တော် တောင်ကြီးမြို့မှာ တာဝန်ယူ ကွပ်ကဲပြီးတော့မှ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှမ်းပြည်နယ်(တောင်ပိုင်း) တို့ကို အထူးအဖွဲ့တွေနဲ့ ကျွန်တော်တွန်းအားပေးပြီးတော့ ဆောင်ရွက်ပေးနေတယ်ဆိုတဲ့ အကြောင်းလေးလည်း အသိပေးလိုပါတယ်။

ဆက်လက်ပြီး စီးပွားရေးအခြေအနေနဲ့ပတ်သက်ပြီးတော့ နည်းနည်းလေး ကျွန်တော်ပြောလိုပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့နိုင်ငံက စိုက်ပျိုးရေးနိုင်ငံ ဖြစ်တဲ့အတွက်ကြောင့် ရေ၊ မြေသြဇာ အရေးကြီးတဲ့အကြောင်းကို အခါအားလျော်စွာ ကျွန်တော်ပြောခဲ့ပြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ကာလအတွင်းမှာ မြန်မာနိုင်ငံမှာ မိုးရွာသွန်းမှုနဲ့ပတ်သက်ပြီးတော့ စံပြုမြို့နယ် ၇၅ မြို့နယ်ကို ကောက်ယူခဲ့ရာမှာ ၅၄ မြို့နယ်က ယခင်နှစ်မိုးရေချိန်ထက်ကို ပိုမိုများပြားနေတာကို တွေ့ပါတယ်။ လက်ရှိအခြေအနေမှာ တစ်နိုင်ငံလုံး မိုးရွာသွန်းမှု အားကောင်းခဲ့ပါတယ်။ တစ်ခါကျွန်တော်တို့ အဓိကဆည်တွေပေါ့ဗျာ၊ ဆည်ပေါင်း ၂၅၀ ကို စစ်တမ်းကောက်တဲ့အခါမှာလည်း ၃၁ ဆည်က ယခင်နှစ် ဝင်ရောက်ခဲ့တဲ့စံချိန်ထက်ကျော်ပြီးတော့ ရေကျော်နေပြီဖြစ်ပါတယ်။ အလားတူစွာပဲ ဆည်ပေါင်း ၁၇၄ ဆည်ဟာ ကာလတူနဲ့ယှဉ်မယ်ဆိုလို့ရှိရင် ပိုနေတာ ကျွန်တော်တို့ တွေ့ရပါတယ်။ ကျန်တဲ့ ၄၅ ဆည်က နည်းနည်းလေး လျော့နေတာကို ကျွန်တော်တို့ တွေ့ပါတယ်။ အခု ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မိုးစပါး စိုက်ပျိုးမှုက ၁၅ သန်းရှိပါတယ်။ ဒီ ၁၅ သန်းမှာ ရာနှုန်းပြည့်နီးပါး စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ဆည်တွေရေတွေကောင်းတယ်၊ မိုးကောင်းတယ်ဆိုသော်လည်းပဲ ကျွန်တော်တို့ နွေစပါး၊ နွေရာသီမှာ ဆည်တွေ ရေပြည့်ဖို့လိုပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာဆိုလို့ရှိရင် အောင်ရေတွေ ပေးဖို့ လိုအပ်ပါတယ်။ အောင်ရေတွေပေးဖို့အတွက်ကို ကျွန်တော်တို့ လက်ရှိရှိထားတဲ့ ဆည်ရေတွေကိုလည်း ခြိုးခြံချွေတာပြီးတော့မှ အနည်းဆုံးလိုအပ်ချက်နဲ့ အလုံအလောက်ပေးနိုင်ဖို့အတွက် ကြိုးစားရမှာဖြစ်ပါတယ်။ ဒါကိုလည်း အကျိုးရှိရှိအသုံးချပါလို့ ကျွန်တော်ပြောလိုပါတယ်။ ကျွန်တော်တို့အတွက် ကံကောင်းတာ တစ်ချက်က ဘာလဲဆိုတော့ ကျွန်တော်တို့ ဒီတစ်နှစ်လုံး မိုးကောင်းခဲ့သည်ဆိုသော်လည်းပဲ မြန်မာနိုင်ငံအောက်ပိုင်းမှာရှိတဲ့ တချို့မြို့နယ်များ ရေကြီးတာကလွဲလို့ရှိရင် သဘာဝဘေးအန္တရာယ် ကြီးကြီးမားမားမဖြစ်ခဲ့တာကို တွေ့ရပါတယ်။

## ဒီဇယ်နဲ့ဓာတ်ဆီတင်သွင်းရမှု ဒေါ်လာ ၂ ဒသမ ၁၂၉ ဘီလီယံရှိ

နောက်တစ်ခုကတော့ စက်သုံးဆီနဲ့ပတ်သက်ပြီး ကျွန်တော်အနည်းငယ် ရှင်းပြလိုပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်းမှာ ဒီဇယ်နဲ့ ဓာတ်ဆီတင်သွင်းရမှုဟာ အားလုံးပေါင်း တန်ဖိုးအားဖြင့် ဒေါ်လာ ၂ ဒသမ ၁၂၉ ဘီလီယံ ရှိပါတယ်။ ပြီးခဲ့တဲ့မိန့်ခွန်းတွေမှာ ကျွန်တော် ထည့်ခဲ့ပါတယ်။ အဲဒါ ဘာလဲဆိုတော့ စားအုန်းဆီနဲ့ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်မှာပဲ တန်ချိန် ၈ သိန်းကျော်သွင်းခဲ့ရပြီးတော့မှ ၈၂၆ သန်းဖိုး သွင်းခဲ့ရတာရှိပါတယ်။ အဲ့ဒီတော့ ခုနက စက်သုံးဆီရယ်၊ စားသုံးဆီရယ်

ပေါင်းလို့ရှိရင် ၃ ဘီလီယံနီးပါးလောက်ရှိတာကို တွေ့ရပါတယ်။ အဓိက ကျွန်တော်ဆိုလိုချင်တာကတော့ စက်သုံးဆီနဲ့ပတ်သက်ပြီးတော့ အတတ်နိုင်ဆုံး ခြိုးခြံချွေတာသုံးစွဲဖို့ မေတ္တာရပ်ခံလိုပါတယ်။ အထူးသဖြင့် သွားလာရေးနဲ့ပတ်သက်လို့ရှိရင် Public Transportation ဖြစ်တဲ့ မီးရထား၊ ဘတ်စ်ကား၊ မြို့ပတ်ရထား ဒါတွေကို အဓိကထားသုံးစွဲမယ်ဆိုလို့ရှိရင် ပိုပြီးတော့အကျိုးရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော် မီးရထားလမ်းတွေကိုလည်း တတ်နိုင်သလောက် အကုန်လုံးကြိုးစားပြီး ဖွင့်လှစ်ပေးပါတယ်။ ဘယ်လောက်ပဲ အဖျက်အမှောင့်လုပ်ငန်းတွေ ရှိနေပါစေ၊ တိုင်းပြည်အတွက် အကျိုးရှိတဲ့လုပ်ငန်းဖြစ်လို့ ကျွန်တော်တို့ ဒါကိုကြိုးစားပြီး ဖွင့်လှစ်ပေးနေတာရှိပါတယ်။ ဒါကြောင့် မိဘပြည်သူများအနေနဲ့ ရထားနဲ့ဘတ်စ်ကားအသုံးပြုပြီးတော့ ခရီးသွားလာခြင်းကို အားပေးကြဖို့ ကျွန်တော်မေတ္တာရပ်ခံလိုပါတယ်။ ထို့အတူပဲ ခုနကပြောတဲ့ စားသုံးဆီနဲ့ပတ်သက်လို့ရှိရင်လည်း မြန်မာနိုင်ငံမှာ ဆီထွက်သီးနှံတွေစိုက်ပါတယ်။ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ ပဲပုပ်၊ ဆီအုန်း စသည်ဖြင့် စိုက်တာပေါ့။ ပြီးခဲ့တဲ့ကာလအတွင်းမှာ စီးပွားကူးသန်းဝန်ကြီးဌာနက တင်ပြတဲ့ကိန်းဂဏန်းအရဆိုလို့ရှိရင် အခုထွက်တဲ့ ဆီထွက်သီးနှံတွေက သာမန်စားသုံးမှုတွေကို ချန်လှပ်ပြီး ဆီကြိတ်ခွဲမှုက တန်ချိန် ၆၆၀၀၀ ကျော်ရတယ်လို့ ကျွန်တော်တို့ တွေ့ရပါတယ်။ ဆိုလိုတာ ကတော့ အတိုင်းအတာတစ်ခုအထိတော့ ကျွန်တော်တို့က ပြည်တွင်းမှာ စားသုံးဆီထွက်ပါတယ်။ ထို့အတူပဲ ပြည်ပကနေတင်သွင်းတဲ့ စောစောကပြောတဲ့ တန်ချိန် ၈ သိန်းကျော်မှာလည်း ကျွန်တော့်ကိုလည်း တချို့က ပြောပါတယ်။ ဒီဆီတွေက စားသုံးဆီတင်မဟုတ်ဘူး၊ စက်သုံးဆီမှာပါ သုံးတယ်လို့၊ စက်မှုလုပ်ငန်းမှာသုံးတယ်လို့ ပြောပါတယ်။ မည်သို့ပင်ဆိုစေကာမူပေါ့ဗျာ၊ ကျွန်တော်တို့ ဆီစားသုံးမှုမှာတော့ များနေတာကို သုတေသနပြုချက်အရတွေ့ပါတယ်။ မိဘပြည်သူများ ဆိုင်တွေမှာရောင်းချနေတဲ့ ဟင်းလျာတွေကို ကြည့်ပါ၊ ဆီပြန်ဟင်းတွေများတာကို တွေ့ရပါလိမ့်မယ်။ အိမ်တွေမှာ ဆိုလို့ရှိရင်လည်း ဆီနိုင်နိုင်ထားပြီးတော့မှ သုံးကြတာလည်း တွေ့ရပါတယ်။ ကျွန်တော်တို့ မြန်မာ့ရိုးရာမိရိုးဖလာစားတဲ့အထဲမှာ လက်ဖက်တို့၊ ပဲပြုတ်တို့၊ ငါးခြောက်ဖုတ်တို့ တော်တော်များများစားကြတာကို၊ ဒီနေရာမှာလည်း ဆီနိုင်းချင်းလေးနဲ့ စားကြတာကို တွေ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဒီအစားအစာတွေကြိုက်ပါတယ်။ ဒါကြောင့်ကျွန်တော်ပြောချင်တာကတော့ အတတ်နိုင်ဆုံး ဆီအနည်းဆုံးထည့်သွင်းပြီးတော့ အသုံးပြုမယ်ဆိုလို့ရှိရင် ဆီချွေတာရာလည်း ရောက်ပါတယ်။ တိုင်းပြည်အတွက် ကုန်ကျနေတဲ့စားသုံးဆီတင်သွင်းမှုကိုလည်း လျှော့နည်းစေမှာဖြစ်ပါတယ်။ ဒါကြောင့် အဓိကအားဖြင့်တော့ စက်မောင်းဆီအသုံးချမှုလျှော့ချပေးနိုင်ဖို့ရယ်၊ ဒုတိယအနေနဲ့ကတော့ စားသုံးဆီအသုံးချမှုလျှော့ချပေးနိုင်ဖို့နဲ့ တိုင်းပြည်အတွက် အကျိုးရှိအောင်ဆောင်ရွက်ပေးဖို့အတွက် ကျွန်တော်ပြောလိုပါတယ်။

### ကုန်သွယ်မှု ပိုငွေ ၂၆၈ ဒသမ ၉၈ သန်းဖြစ်

ဆက်လက်ပြီး ကျွန်တော် မြန်မာနိုင်ငံရဲ့ကုန်သွယ်ရေးအခြေအနေနဲ့ပတ်သက်ပြီး ကျွန်တော်အနည်းငယ်ရှင်းပြလိုပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်းမှာ အမေရိကန် ဒေါ်လာ သန်းပေါင်း ၂၉၅၈၅ ဒသမ ၁၄၉ ရှိခဲ့ပါတယ်။ အဲဒီမှာ ပင်လယ်ရေကြောင်းက ကုန်သွယ်မှုပမာဏ ၁၉၈၃၂ ဒသမ ၃၃၁ သန်း၊ နယ်စပ်ကနေပြီးတော့ ၉၇၅၃ ဒသမ ၀၈၁ သန်းဖြစ်ပါတယ်။ အဲဒီမှာ ပို့ကုန်၊ သွင်းကုန်ပြန်ယှဉ်ကြည့်မယ်ဆိုလို့ရှိရင် ပို့ကုန်က ၁၄၉၂၇ ဒသမ ၀၆၅ သန်း ဖြစ်ပြီးတော့ သွင်းကုန်က ၁၄၆၅၈ ဒသမ ၀၈၄ သန်းဖြစ်တဲ့အတွက်ကြောင့် ကုန်သွယ်မှု ပိုငွေ ၂၆၈ ဒသမ ၉၈ သန်း ဖြစ်တာကို တွေ့ပါတယ်။ ကာလတူမှာ ကုန်သွယ်မှုအနေနဲ့လိုငွေ ပြီးခဲ့တဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်းမှာ အမေရိကန်ဒေါ်လာ ၁၆၃၈ ဒသမ ၇၄၉ သန်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်မှာ ကုန်သွယ်မှုနဲ့ပတ်သက်ပြီး အခြေအနေကောင်းတယ်လို့ ကျွန်တော်ပြောနိုင်ပါတယ်။ ဒီမှာလည်း ကျွန်တော်တို့ နယ်စပ်ကုန်သွယ်ရေးကလည်း အဓိကကျတာကို ကျွန်တော်တွေ့ပါတယ်။ မြန်မာနိုင်ငံရဲ့ နယ်စပ်ကုန်သွယ်ရေးမှာ အဓိကကျတဲ့ နိုင်ငံတွေကတော့ တရုတ်၊ ထိုင်းနဲ့ ဘင်္ဂလားဒေ့ရှ်ပြီးရင် အိန္ဒိယတို့ ဖြစ်ပါတယ်။ အဓိကကတော့ တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံ ဖြစ်ပါတယ်။ တရုတ်နယ်စပ်ကုန်သွယ်ရေးမှာတော့ ကျွန်တော်တို့နယ်စပ်ဒေသမှာ ကိုဗစ်ဖြစ်ပွားမှုနှုန်းများပြားတဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ ပို့ကုန်တွေကို တရုတ်နိုင်ငံကနေပြီးတော့

မှ သူတို့ရဲ့ ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်မှု မူဝါဒနဲ့အညီ တချို့နေရာလေးတွေမှာ စည်းကမ်းသတ်မှတ်ခဲ့တာရှိတဲ့ အတွက်ကြောင့် တချို့ကို ကျွန်တော်တို့မပို့နိုင်ခဲ့ပါဘူး။ သို့သော်လည်းပဲ အခု ကိုဗစ်ထိန်းချုပ်မှုအားကောင်းလာ ပြီ ဖြစ်တဲ့အတွက်ကြောင့် နယ်စပ်ကုန်သွယ်ရေးမြှင့်တင်၊ ဖွင့်နိုင်ရေးအတွက်လည်း ကျွန်တော်တို့ ကြိုးပမ်းဆောင် ရွက်လျက် ရှိပါတယ်။ အဲ့ဒီတော့ နယ်စပ်ဒေသတွေမှာရှိ နေတဲ့ မြို့နယ်များအနေနဲ့ ကိုဗစ်ရောဂါထိန်းချုပ်မှုကို ယခု ထက်ပိုမိုပြီးတော့မှ တင်းတင်းကြပ်ကြပ်အလေးထား ဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် နယ်စပ်ကုန်သွယ်ရေးဟာ အရှိန်အဟုန်နဲ့တိုးတက်လာမှာဖြစ်ကြောင်း ကျွန်တော် ပြောလိုပါတယ်။ အဲ့ဒီတော့ ခုနက ကျွန်တော်ရှင်းပြတဲ့ ဆီ ၂ ဆီကိုလည်း ထိုက်သင့်တဲ့ပမာဏလျှော့ချပြီးတော့ မှ သုံးစွဲမယ်ဆိုလို့ရှိရင် အခုလာမယ့် အောက်တိုဘာက နေပြီးတော့မှ မတ်လထိလုပ်မယ့် Mini Budget အတွင်း မှာလည်း ကုန်သွယ်မှုပိုငွေရရှိမယ်လို့ ကျွန်တော် မျှော် လင့်ပါတယ်။ ကျွန်တော့်အနေနဲ့ ပို့ကုန်ဦးစားပေးတဲ့စနစ် ကို ကျင့်သုံးပါတယ်။ ကုန်ထုတ်လုပ်မှုကို အားပေးပါတယ်။ ပြည်တွင်း တိုင်းရင်းသားများရဲ့ ကုန်ထုတ်လုပ်မှုကို အား ပေးပါတယ်။ SME ကို ကျွန်တော်အားပေးပါတယ်။ ဒါ တွေကို စနစ်တကျဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် ကျွန် တော် တို့ ပို့ကုန်ပမာဏတွေလည်း ပိုပြီးတော့မှ များပြား လာပြီးတော့မှ ကုန်သွယ်မှုမှာလည်း ရလဒ်ကောင်းတွေ ထွက်လာလိမ့်မယ်ဆိုတာလည်း ပြောလိုပါတယ်။

**စားသုံးမှုပုံစံပြောင်းလဲရေး**

အဲ့ဒီတော့ နောက်တစ်ချက် ပြည်သူများကို တိုက်တွန်း လိုတာတစ်ခု ရှိပါတယ်။ အဲ့ဒါ ဘာလဲဆိုတော့ ကျွန်တော် တို့ စားသုံးမှု ပုံစံပြောင်းလဲရေးပဲ ဖြစ်ပါတယ်။ ကျွန်တော် တို့နိုင်ငံက မိရိုးဖလာအားဖြင့်တော့ ဆန်ကိုအဓိကထား ပြီး စားတာဖြစ်ပါတယ်။ အချို့ နှစ်နှပ်စားတာ ရှိတယ်။ အချို့သုံးနှပ်စားတာ ရှိပါတယ်။ အဲ့ဒီတော့ ဆန်ကို အဓိက ထားပြီး စားတဲ့အတွက်ကြောင့် ဆန်ကနေရတဲ့ အာဟာရ ကတော့ ပိုပြီးရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ က ဗိုက်ဝဖို့ကို အဓိကဆိုပြီးစားတဲ့အတွက်ကြောင့် အချို့ နေရာတွေမှာ ခန္ဓာကိုယ်က လိုအပ်တဲ့အာဟာရကို ပြည့် ပြည့်ဝဝ မရတာတွေရှိပါတယ်။ ဒါကြောင့်မို့ ဆန်စားသုံး မှုကို အနည်းငယ်လျှော့ချပြီးတော့မှ အခြားလိုအပ်တဲ့ အသားတို့၊ ငါးတို့ ဟင်းသီးဟင်းရွက်တို့ ဒါတွေကို ထိုက် သင့်သလိုရရှိအောင် ဖြည့်ဆည်းဆောင်ရွက်စားသွားမယ် ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူရမယ်လို့ ကျွန်တော်တွေ့မိပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးအဓိက ထားတဲ့နိုင်ငံ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ဆီမှာ စားရေရိက္ခာအခြေခံအားဖြင့် ရှိပြီးသားဖြစ်ပါတယ်။ ဒါ တွေပေါ်များအောင်လည်း ကျွန်တော့်ရဲ့ရည်မှန်းချက်အတိုင်း ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော့်ရဲ့ ရည်မှန်း ချက်က တစ်အနေနဲ့ တစ်နိုင်ငံလုံးသာယာဝပြောမှု ရှိရ မယ်။ နှစ်အနေနဲ့ကတော့ စားရေရိက္ခာပေါ်များရမယ်ဆို ပြီး ရည်ရွယ်ပြီး ဆောင်ရွက်နေတာ ရှိပါတယ်။ ဒါကြောင့် ဒီစိုက်ပျိုးရေးနဲ့ မွေးမြူရေးထုတ်ကုန်တွေကို ဒီထက်ပို ပြီးတော့ထွက်အောင်လို့ နိုင်ငံတော်အစိုးရအနေနဲ့ နည်း လမ်းပေါင်းစုံကနေ ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ မြစ်၊ ချောင်းတွေ ပေါပါတယ်။ မြစ်အတွင်းမှာ ငါးမျိုးတွေ စိုက်ထည့်တာ တွေကို နိုင်ငံတော်ကနေ သန်းပေါင်းများစွာကျခံပြီးတော့ မှ ငါးမျိုးစိုက်ထည့်ပေးလျက် ရှိပါတယ်။ ဒါတွေကိုဖမ်းယူ ပြီး ရောင်းမယ်ပဲဖြစ်ဖြစ်၊ စားမယ်ပဲဖြစ်ဖြစ် ဒါတွေက ရရှိတဲ့သူအတွက်ကတော့ အကျိုးရှိမယ်ဆိုတာကို ကျွန်တော်တို့တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့စား သုံးမှုပုံစံများကို ပြင်မယ်ဆိုလို့ရှိရင် လူမှုကျန်းမာရေး တွေလည်း အများကြီးကိုပြောင်းလဲသွားနိုင်တာကို ကျွန်တော်တို့ တွေ့ရပါတယ်။ သာမန်အားဖြင့် လူတစ် ယောက်က မနက်၊ နေ့လယ် နို့ဆီဘူးတစ်ဘူးစီလောက် စားပါတယ်။ မနက်စောစောစာမှာလည်း ဘူးတစ်ဝက် လောက်စားတဲ့အတွက်ကြောင့် နှစ်ဘူးခွဲလောက်ကုန်တာ ကို ကျွန်တော်တို့တွေ့ရပါတယ်။ တပ်မတော်မှာလည်း ဒီတိုင်းပါပဲ၊ ဒီနှုန်းနဲ့ပဲ စားပါတယ်။ ဒါကို ၁၀ ရာခိုင်နှုန်း လောက်လျှော့ချပြီးတော့မှ စားသုံးကြည့်တဲ့အခါမှာ ကျွန်တော်တို့ဘက်က သုတေသနပြုချက်အရ တော်တော် အကျိုးရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒါလေးကို လည်း ထိုက်သင့်သလို ထိန်းသိမ်းပြီးတော့မှ စားသုံးမှု ပုံစံမျိုးပြောင်းလဲသွားမယ်ဆိုလို့ရှိရင် ပြည်သူများရဲ့ကျန်း မာရေးအတွက်လည်း များစွာအထောက်အကူရမယ်ဆို တာလေးလည်း ကျွန်တော်အကြံပြုလိုပါတယ်။ ဒါကြောင့်

ပြည်သူများအနေနဲ့ ဒါကိုထည့်သွင်းစဉ်းစားပြီးတော့မှ ဆုံးဖြတ်ဆောင်ရွက်စေလိုပါတယ်။ နောက် ဆန်မဖူလုံတဲ့ ဒေသတွေ ရှိပါတယ်။ အဲဒီဒေသတွေ ဆန်ဖူလုံရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ တွန်းအားပေးပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါလည်းသက်ဆိုင်ရာကာယကံရှင်၊ ပြည်နယ်နဲ့တိုင်းများကလည်း တစ်ဖက်က ကြိုးစားဆောင်ရွက်သလို တစ်ဖက်စားသုံးမှုပုံစံပြောင်းလဲတဲ့အခါမှာလည်း အထောက်အကူရအောင် ထည့်သွင်းစဉ်းစားဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် အကျိုးရှိမယ်လို့ ကျွန်တော်ပြောလိုပါတယ်။

**ဝိုင်းဝန်းကြိုးစားဆောင်ရွက်**

မိဘပြည်သူများအနေနဲ့ ယခုကာလမှာတော့ ကျွန်တော်တို့ဟာ နိုင်ငံကိုတိုးတက်အောင်၊ တည်ငြိမ်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကိုလည်း နိုင်ငံသူ၊ နိုင်ငံသားတွေ တိုင်းပြည်ကို ချစ်စိတ်နဲ့ဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် မရစရာအကြောင်းမရှိပါဘူး။ ကျွန်တော်တို့အပေါ်မှာလည်း နိုင်ငံရေးအရပေါ့ဗျာ။ ဝေဖန်မှုတွေ မျိုးစုံ၊ ကန့်သတ်မှုတွေ မျိုးစုံနဲ့ကြုံနေရတဲ့ကာလဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံသားများဟာ မိမိကိုယ်သာ ကိုးကွယ်ရာဆိုတဲ့ စကားအတိုင်းပဲ ကိုယ့်အားကိုယ်ကိုးပြီးတော့မှ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာရှိတဲ့အတွက်ကြောင့် ပြည်သူတွေရဲ့အားကို အားကိုးပြီးတော့မှ ဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် နိုင်ငံအတွက် များစွာကိုတိုးတက်ပြောင်းလဲမှုရှိနိုင်တယ်ဆိုတာ ကျွန်တော်အပြည့်အဝယုံကြည်ပါကြောင်း ပြောကြားလိုပါတယ်ခင်ဗျာ။

အားလုံးကိုကျေးဇူးတင်ပါတယ်။

■ ■ ■

# မန္တလေးမြို့ရှိ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ အားကစားကွင်းများနှင့် မန္တလေးတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၃ - ၁၁ - ၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှမိုး၊ ဒေါက်တာ ညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ နိုဝင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ အားကစားကွင်းများနှင့် မန္တလေးတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လေ့ကျင့်ရေးအလယ်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ထို့နောက် ကျောင်းရန်ပုံငွေနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို ပေးအပ်ကာ ကျောင်းအတွင်း လှည့်လည်ကြည့်ရှု၍ ကျောင်းပြန်လည် ပြုပြင်မွမ်းမံနိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**မှာကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောင်းခန်းမဆောင်၌ ချမ်းအေးသာဇံမြို့နယ်ရှိ အခြေခံမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းအုပ်များအားတွေ့ဆုံ၍ ကလေးငယ်များ ပညာသင်ကြားသည့် အရွယ်တွင် အတန်းပညာများသင်ကြားရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အခြေခံ

ပညာသည် အရေးကြီးသဖြင့် ကျောင်းသား၊ ကျောင်းသူများ အခြေခံစာပေများအား တတ်ကျွမ်းသည်အထိ အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ အသိအမြင်များကို ပြုပြင်ပေးနိုင်ရေး အတွက် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ စာသင်ခန်းများ သပ်ရပ်သန့်ရှင်းမှုရှိစေရေးနှင့် စာသင် ခုံများ စနစ်တကျရှိစေရေး၊ အမှိုက်များအား စနစ်တကျ စွန့်ပစ်သည့် ကောင်းမွန်သည့် အလေ့အကျင့်ရှိစေရေး သင်ကြားကြပ်မတ် ဆောင်ရွက်ကြရန်လိုကြောင်း၊ အတန်း ပညာမှ အသိပညာ ၎င်းမှတစ်ဆင့် အတတ်ပညာများရှိ မှသာ ကျောင်းသား၊ ကျောင်းသူများ၏ဘဝတိုးတက်ရေး အတွက် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည့်အတွက် ဒေသ နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်း များသည် အခြေခံအုတ်မြစ်ပင်ဖြစ်ကြောင်း၊ တစ်ဖက်မှ လည်း ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

**ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်မြေ သာစံမြို့နယ်ရှိ အောင်မြေမန္တလာဘောလုံးကွင်းနှင့် ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်းတို့သို့ သွားရောက်၍ အားကစားကွင်းများ အဆင့်မြှင့်တင်ဆောင် ရွက်နေမှုအခြေအနေများအားကြည့်ရှုရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်း သိန်းဇံနှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

> **စာကြည့်တိုက်မှတစ်ဆင့် သမိုင်းဆိုင်ရာများ၊ ဘာသာရပ်ပိုင်းဆိုင်ရာများ၊ လူမှုအသိုင်းအဝိုင်း ဆိုင်ရာဗဟုသုတများကို ပေးစွမ်းနိုင်သည် ဖြစ်သဖြင့် စာကောင်းပေမွန်များကိုထားရှိရန် လိုအပ်၊ စည်းကမ်းစနစ်တကျဖြင့် စာပေ ဖတ်ရှုလေ့လာခြင်း၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေပဲ တိတ်ဆိတ်ငြိမ်သက်စွာ လေ့လာဖတ်ရှုခြင်းများအပြင် library system များ၊ စည်းကမ်းများကို တိကျစွာလိုက်နာစေခြင်းမှ တစ်ဆင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဘဝတစ်လျှောက်လုံးကို systematically ကျစွာ လုပ်ဆောင်တတ်သည့် အလေ့အကျင့်ကောင်းများကို လေ့ကျင့်ပေးသွားရန်လို။**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အားကစား ကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးအတွက် အားကစားကွင်း များ ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ အဆင့်မြှင့်တင်ရာတွင် အားကစားသမားများအတွက် အနားယူရန်နေရာများ၊ ကွင်းအတွင်းသို့ ဝင်ရောက်နိုင်မည့်လမ်းကြောင်းများကို တွက်ချက်ထည့်သွင်းရန်လိုကြောင်း၊ ပွဲကြည့်စင်များကို လည်း ကြည့်ရှုသူပရိသတ်အရေအတွက်နှင့် ကိုက်ညီစွာ ထပ်မံတိုးချဲ့ဆောက်လုပ်နိုင်မည့်ပုံစံများဖြင့် ဆောင်ရွက် သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာ ကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ် ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ သည် မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ်၊ ပင်မ စာကြည့်တိုက်ကြီးသို့ရောက်ရှိရာ ပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ စာကြည့်တိုက် မှူး ဒေါ်အေးအေးစိုးနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက် ကြသည်။ ထို့နောက် စာကြည့်တိုက်အတွင်း ဘာသာရပ် ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာစာအုပ်စာပေများ ခင်းကျင်းထား ရှိမှု၊ ပေ၊ ပုရပိုဒ်စာများ ထိန်းသိမ်းထားရှိမှု၊ နိုင်ငံတကာ နှင့် ပူးပေါင်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် Human Rights Resource Centre၊ E-Library နှင့် CMU Corner ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့် ရှုရာ ပါမောက္ခချုပ်နှင့် စာကြည့်တိုက်မှူးတို့က လိုက်လံ ရှင်းလင်းပြသကြသည်။

ရှင်းလင်းပြသမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က စာကြည့် တိုက်မှတစ်ဆင့် သမိုင်းဆိုင်ရာများ၊ ဘာသာရပ်ပိုင်းဆိုင် ရာများ၊ လူမှုအသိုင်းအဝိုင်းဆိုင်ရာ ဗဟုသုတများကို ပေး စွမ်းနိုင်သည်ဖြစ်သဖြင့် စာကောင်းပေမွန်များကိုထားရှိ ရန် လိုအပ်ကြောင်း၊ စည်းကမ်းစနစ်တကျဖြင့် စာပေ

ဖတ်ရှုလေ့လာခြင်း၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေပဲ တိတ်ဆိတ်ငြိမ်သက်စွာ လေ့လာဖတ်ရှုခြင်းများအပြင် library system များ၊ စည်းကမ်းများကို တိကျစွာ လိုက်နာစေခြင်းမှတစ်ဆင့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ဘဝတစ်လျှောက်လုံးကို systematically ကျစွာလုပ်ဆောင်တတ်သည့် အလေ့အကျင့်ကောင်းများကို လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ စာကြည့်တိုက်ရှိ အဖိုးတန် စာကောင်းပေမွန်များ၊ ကျမ်းစာ၊ ပုရပိုဒ်စာများကို ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရေး နည်းပညာအကူအညီဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ စာကြည့်တိုက်နှင့် စာအုပ်စာစောင်များကို ရေရှည် တည်တံ့မှုရှိစေရေး ထိန်းသိမ်းမှုပုံစံ စနစ်ကျနရန်လိုကြောင်း၊ ဥစ္စာမှာ ကုန်ဆုံး သွားနိုင်သော်လည်း ပညာဟူသည် တစ်သက်စားမကုန်သည့် ပဒေသာပင်ဖြစ်သည့်အတွက် လူငယ်များ ပညာတတ်မြောက်ရေး မြေတောင်မြှောက်ပေးရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်တွေ့ဆုံပွဲတွင် ပြောကြားသည့် အမှာစကား

## ( ၃- ၁၁ - ၂၀၂၁ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အား နိုဝင်ဘာလ ၃ ရက် မွန်းလွဲပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် နေရာများစွာရှိကြောင်း၊ မြို့တော်စည်ပင်သာယာနှင့် ဆက်စပ်မြို့နယ်များတွင် စိုက်ပျိုးမွေးမြူရေး အထူးပြုလုပ်ငန်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဆင့်မြင့်ထုတ်ကုန်လုပ်ငန်းအထိ ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ မန္တလေးမြို့အတွင်း ယာဉ်စည်းကမ်းကောင်းမွန်စေရေး၊ မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် ဈေးဆိုင်ခန်းများ စနစ်တကျရှိစေရေးအတွက်လည်း စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ မန္တလေးသည် မြို့တော်ဟောင်းဖြစ်ပြီး မြို့စတည်ချိန်၌ စနစ်တကျဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပြီး ဆက်လက်ထိန်းသိမ်းသွားရန်လိုကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်းထွက်ရှိသော ကုန်ကြမ်းကို ဒေသအလိုက် အပြန်အလှန် အထောက်အကူပြုကာ ထိရောက်စွာ အသုံးချ၍ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ဆောင်ရွက်ရာတွင် mass production အဖြစ် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန် ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းရေးနှင့် ပတ်သက်သည့် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်သင့်သည့် အခြေအနေများအား ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြရန် လို

ကြောင်း မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် မြေသြဇာများ လိုအပ်ချက်ရှိသဖြင့် လုံလောက်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိမှုနှင့် အလှပန်းပင်များနှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးလျက်ရှိမှုအခြေအနေ၊ ရောဝတီမြစ်ကမ်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ ဘုန်းတော်ကြီးကျောင်းများ သန့်ရှင်းသာယာမှုရှိစေရေးအတွက် မန္တလေးမြို့စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်ပေးမှုအခြေအနေ၊ မန္တလေးမြို့ပြတိုးချဲ့ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ တိုင်းဒေသကြီးအတွင်းအားကစားကဏ္ဍမြှင့်တင်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသည့်ကောင်စီအဖွဲ့ဝင်ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

**ဝါစိုက်ပျိုးမှုအား စံပြဖြစ်အောင် စိုက်ပျိုး**

ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝမြေသြဇာထုတ်လုပ်နိုင်သည့် အခြေခံကောင်းများ ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းဖြစ်သည့် ကြက်ချေး၊ နွားချေး၊ ဝက်ချေးများမှ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်သည့် သဘာဝမြေသြဇာရရှိနိုင်သည့်အတွက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ မွေးမြူရန်နှင့် မျိုးကောင်းမျိုးသန့်များကို မွေးမြူရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံအတွင်း ဓာတ်မြေသြဇာ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိသော်လည်း လိုအပ်ချက် ပြည့်မီမှုမရှိသေးသဖြင့် သဘာဝမြေသြဇာများ၊ အီးအမ်ဘိုကာချီများ အသုံးပြုနိုင်ရေး အစိုးရမှ ဦးဆောင်၍ ကျေးလက်ဒေသများအထိ တာဝန်ရှိသူများနှင့်ပူးပေါင်းကာ ထိရောက်စွာ အသုံးပြုနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာမွေးမြူရေးစနစ်မှ နည်းပညာအထောက်အကူရယူ၍ အထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးမှုများအား စနစ်တကျဖြင့် အထွက်နှုန်းတိုးအောင်ဆောင်ရွက်၍ နိုင်ငံ၏ဝါလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်လိုသဖြင့် ဝါစိုက်ပျိုးမှုအား စံပြဖြစ်အောင် စိုက်ပျိုးကြရန်လိုကြောင်း။

**ဆီသုံးစွဲမှု လျှော့ချရန်**

ယာဉ်လမ်းကြောင်းများနှင့် လမ်းညွှန်အမှတ်အသားများအား စနစ်တကျ ရေးဆွဲရန်လိုသကဲ့သို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် စည်းကမ်းဖောက်ဖျက်သည့်သူများအား ထိရောက်စွာအရေးယူဆောင်ရွက်ရန်လိုကြောင်း၊ လမ်းဘေးပလက်ဖောင်းများအား စနစ်တကျတည်ဆောက်ရေး၊ ဈေးဆိုင်ခန်းများစနစ်တကျရှိစေရေးကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ အများပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် Public Transportation လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့ပတ်ရထားလမ်းတည်ဆောက်ရေးနှင့် နောင်တစ်ချိန်တွင်

**Public Transportation လုပ်ငန်းများအား ဆောင်ရွက်နိုင်မည်ဆိုပါက ကိုယ်ပိုင်မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ သုံးစွဲမှုလျှော့ချနိုင်မည်ဖြစ်သဖြင့် စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်မျိုးစုံ တစ်သန်းခန့်နှင့် မော်တော်ဆိုင်ကယ် ခြောက်သန်းခန့်ရှိ၊ တစ်ရက်လျှင်ကားတစ်စီး ဆီတစ်ပုလင်း၊ မော်တော်ဆိုင်ကယ်တစ်စီး နို့ဆီဘူးတစ်ဘူးခန့်သုံးပါက နေ့စဉ်ဆီမည်မျှ ကုန်ကျနေမည်ကို တွက်နိုင်၊ နိုင်ငံခြားငွေကြေးများစွာအသုံးပြုနေရသဖြင့် သွားလာပို့ဆောင်ရေးတွင် ဆီသုံးစွဲမှု လျှော့ချရန် ကြိုးစားရမည်ဖြစ်။**

မြေအောက်မြို့ပတ်ရထားလမ်း တည်ဆောက်နိုင်ရေးအထိ ကြိုတင်မျှော်တွေးစီမံဆောင်ရွက်ထားရန်လိုကြောင်း၊ Public Transportation လုပ်ငန်းများအား ဆောင်ရွက်နိုင်မည်ဆိုပါက ကိုယ်ပိုင်မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ သုံးစွဲမှုလျှော့ချနိုင်မည်ဖြစ်သဖြင့် စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်မည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်မျိုးစုံ တစ်သန်းခန့်နှင့် မော်တော်ဆိုင်ကယ် ခြောက်သန်းခန့်ရှိကြောင်း၊ တစ်ရက်လျှင်ကားတစ်စီး ဆီတစ်ပုလင်း၊ မော်တော် ဆိုင်ကယ်တစ်စီး နို့ဆီဘူးတစ်ဘူးခန့်သုံးပါက နေ့စဉ် ဆီမည်မျှကုန်ကျနေမည်ကို တွက်နိုင်ကြောင်း၊ နိုင်ငံခြားငွေကြေးများစွာအသုံးပြုနေရသဖြင့် သွားလာပို့ဆောင်ရေးတွင် ဆီသုံးစွဲမှုလျှော့ချရန် ကြိုးစားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မန္တလေးမြို့အတွင်း ဘတ်စ်ကားလိုင်းများ၊ မြို့ပတ်ရထားများပြေးဆွဲနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Public Transportation များအား လျှပ်စစ်ဓာတ်အားဖြင့် အသုံးပြုဆောင်ရွက်နိုင်ရေး ရည်မှန်းချက်ထားလုပ်ဆောင်ရန်နှင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုခြင်းဖြင့် စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်ရေးသည် ပြည်သူများအတွက် အဓိကလိုအပ်ချက်ဖြစ်သဖြင့် ပြည်တွင်းသယ်ယူပို့ဆောင်မှုနှင့် ခရီးသွားလာမှုများအား ခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးသည် ခရီးသွားလာမှုနှင့် ပတ်သက်၍ အချက်အခြာကျသည့် နေရာဒေသတစ်ခုဖြစ်သဖြင့် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း။

ဧရာဝတီမြစ်ကမ်းပြိုကျပျက်စီးမှု ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်များ စိုက်ပျိုးရန်နှင့် ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင် ခရီးသွားများလာရောက်နိုင်သည့် နေရာများ တည်ဆောက်ရန်လိုကြောင်း၊ မန္တလေးမြို့အတွက် သုံးရေဖူလုံစွာရရှိရေး မြစ်ရေတင်စီမံကိန်းများဖြင့် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ ရေသန့်စနစ်ကို အသုံးပြု၍ သန့်ရှင်းသည့် ရေများရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ မြို့ကွက်သစ်များဖော်ဆောင်ရာတွင် သယ်ယူပို့ဆောင်ရေးအတွက် အဓိကထားစဉ်းစား ဆောင်ရွက်ကြရန်လိုကြောင်း။

စိုက်ပျိုးရေးချေးငွေနှင့်ပတ်သက်၍ တောင်သူများအနေဖြင့် စိုက်ပျိုးရေးချေးငွေများအား မှန်ကန်စွာ အသုံးချရန်နှင့် သတ်မှတ်လုပ်ငန်းခွင်တွင်သာ အသုံးပြုရန်လိုကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးထုတ်ကုန်များအား အထွက်နှုန်းတိုးအောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းဝမ်းစာဖူလုံမှုရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ အထွက်နှုန်းကောင်းမွန်စေရေးအတွက် တောင်သူများက ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အစိုးရအနေဖြင့်လည်း ထောက်ပံ့ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

မန္တလေးမြို့တော်အတွင်း သစ်ပင်များစနစ်တကျစိုက်ပျိုးရန်လိုကြောင်း၊ သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ရာသီဥတုကို ထိန်းသိမ်းနိုင်ကြောင်း၊ အလားတူ ကျေးလက်ဒေသများတွင်လည်း ကျေးရွာထင်းစိုက်ခင်းများ စိုက်ပျိုးရန်လိုကြောင်း၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသများတွင် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် အိမ်သုံးဆိုလာစနစ်အား အသုံးပြုနိုင်မည်ဆိုပါက လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့်လည်း နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများ ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း လူထုအားကစားကို စံပြအဖြစ်ဆောင်ရွက်ရန်လိုကြောင်း၊ မန္တလေးမြို့ရှိပြည်သူများသည် စည်းလုံးမှုရှိကြောင်း၊ မိမိတို့အနေဖြင့်လည်း အားကစားကွင်းများ ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်ရေးအတွက် စီမံဆောင်ရွက်ပေးလျက် ရှိကြောင်း။

တိုင်းရင်းသားယဉ်ကျေးမှု စာပေနှင့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို အသိအမှတ်ပြုအားပေးပါကြောင်း၊ လူမျိုးတူချင်းသာမက တိုင်းရင်းသားအားလုံး တစ်စိတ်တစ်ဝမ်းတည်းဖြင့် စုစည်းညီညွတ်ရန်လိုကြောင်း၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာတွင် ဆောင်ရွက်ဆဲအမှုများ အမြန်ပြီးပြတ်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အစိုးရ တာဝန်ယူသည့်ကာလအတွင်း ဆောင်ရွက်သည့် လုပ်ငန်းများကို မှတ်ကျောက်တင်နိုင်သည်အထိ လုပ်ဆောင်သွားရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၂၁) တွင် ပြောကြားသည့် အမှာစကား

## ( ၉ - ၁၁ - ၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၁၇/၂၀၂၁)ကို နိုဝင်ဘာလ ၉ ရက်မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာ၌ အောက်တိုဘာလကုန်တွင် ၃ ရာခိုင်နှုန်းအထိ ကူးစက်မှုနှုန်းကျဆင်းစေရန် ရည်မှန်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်အတွက် အဓိက လိုအပ်ချက်ဖြစ်သည့် ကျောင်းများပြန်လည်ဖွင့်လှစ်ရေး၊ ရပ်နားထားရသည့်လုပ်ငန်းများနှင့်ယန္တရားများ ပြန်လည်လည်ပတ်ရေးများကို ဆောင်ရွက်နိုင်ရန်အတွက် ကိုဗစ်-၁၉ ကူးစက်မှုနှုန်း ကျဆင်းရေးရည်မှန်းချက်ထားဆောင်ရွက်ခဲ့ရာတွင် ၃ ရာခိုင်နှုန်းအထိ မရောက်ရှိသော်လည်း ၄ ရာခိုင်နှုန်းခန့်သာရှိတော့ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြစ်ပွားမှုနှုန်းများလျက်ရှိသည့် မြို့နယ် ၁၅ မြို့နယ်ခန့်ကို ဖယ်ထုတ်လိုက်ပါက ကူးစက်မှုနှုန်း ၃ ရာခိုင်နှုန်းအောက်သို့ ရောက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်းမြင့်မားသည့် မြို့နယ်များ၌ ရောဂါထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သည့်

အထူးအဖွဲ့ဖွဲ့စည်း၍ နယ်မြေသုံးခုခွဲကာ ထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းရရှိသည့်နေရာများအား လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကူးစက်သူများကို ဖော်ထုတ်နိုင်သဖြင့် ရောဂါကုသရေးများကို လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ထပ်မံကူးစက်မှုကိုလျှော့ချနိုင်ခဲ့ပြီး ထိန်းချုပ်ရေးကိစ္စများတွင် အထောက်အကူရကြောင်း၊ ရောဂါပိုးကူးစက်မှုထိန်းချုပ်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်ရောဂါထိန်းချုပ်ကုသရေးပစ္စည်းများနှင့် ဆေးပစ္စည်းများ လုံလောက်စွာဖြည့်ဆည်းပေးထားသော်လည်း ယခုထက်ပိုမိုဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း၊ Stay at Home ထားရှိသည့် မြို့နယ်များ ကျန်ရှိနေပြီး လျှော့ချ၍ရသည့် မြို့နယ်များကိုလည်း ထပ်မံလျှော့ချပေးသွားမည်ဖြစ်ကြောင်း၊ Stay at Home ဆောင်ရွက်ထားခြင်းမရှိသော်လည်း သွားလာရေးနှင့် နေထိုင်ရေးစည်းကမ်းများအား ကိုဗစ်ကာကွယ်ထိန်းချုပ်ရေးကော်မတီမှ ညွှန်ကြားထားသည့်အတိုင်း နေထိုင်လိုက်နာဆောင်ရွက်သွားရန်အတွက် ပြည်သူများအနေဖြင့် လိုက်နာရန်လိုအပ်သကဲ့သို့ တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျဖြစ်စေရန် စေတနာထားကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

ကျောင်းများပြန်လည်ဖွင့်လှစ်မှုနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကျဆင်းလာခြင်းကြောင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း၊ ကျောင်းများစတင်ဖွင့်လှစ်ချိန်တွင် ရာသီတုပ်ကွေးဖြစ်ပွားမှု၊ လက်ရှိနိုင်ငံရေးအခြေအနေများနှင့် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းတက်ရောက်မှုများ နည်းပါးခဲ့ကြောင်း၊ သို့သော် ယခုလ ၈ ရက်အထိ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၂ သန်း ၃ သိန်း ၅ ထောင်ကျော်တက်ရောက်လျက်ရှိကြောင်း၊ ကျောင်းစတင်ဖွင့်လှစ်ချိန်နှင့် တွက်ချက်ပါက တစ်ပတ်အတွင်း ကျောင်းသား ၁ သန်းကျော်ထပ်မံတိုးတက်လာသည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်ဖွယ်ပင် ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ နောက်ကျနေ၍မရသဖြင့် ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုမရှိစေရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများအား ၁၂ နှစ် အထက် ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများ၊ အသက် ၄၅ နှစ်အထက် ပြည်သူများကိုလည်း ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍လည်း ကျောင်းသားမိဘများနှင့် ရပ်ရွာအေးချမ်းသာယာရေးလိုလားသူများက ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးမှုများကြောင့် စာသင်ကျောင်းများတွင် နှောက်ယှက်မှုများ အနည်းငယ်သာရှိကြောင်း၊ အချို့နေရာများတွင် ခြိမ်းခြောက်မှုများရှိပြီး ကျောင်းသား၊ ကျောင်းသူများပညာသင်ကြားရေးနှင့်ပတ်သက်၍ မိုက်မဲသည့်လုပ်ရပ်များဖြစ်ပြီး နိုင်ငံကိုဒုက္ခပေးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှုများအား ပြည်သူများအနေဖြင့်လက်ခံမှုမရှိဘဲ ပြည်သူများမှသတင်းပေး၍ လုံခြုံရေးတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိကြောင်း၊ အလားတူရပ်ရွာများအတွင်း အကြောင်းမဲ့သတ်ဖြတ်မှုများနှင့် ခြိမ်းခြောက်မှုများကိုလည်း ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုများဖြင့် တားဆီးသွားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်အကာအကွယ်ပေးခြင်းနှင့် ဖော်ထုတ်ဖမ်းဆီးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသဖြင့် ပြည်သူများ၏ တာဝန်သိမှုနှင့် တက်ကြွသည့်စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူ့လုံခြုံရေးအတွက်ဆောင်ရွက်ရာတွင် ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုဖြင့်ဆောင်ရွက်မှသာ ပြည်သူ့လုံခြုံရေးကို ရရှိမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက နိုင်ငံတည်ငြိမ်အေးချမ်းရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် "တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့က အခြေခံပညာကျောင်းတွေဖွင့်လာပြီ။ ဆက်လက်ပြီး ကျွန်တော်တို့က တက္ကသိုလ်တွေ အဆင့်မြင့်ပညာနဲ့ပတ်သက်ပြီး ဖွင့်ဖို့ရှိပါတယ်။ အဲဒီတော့ အခုလောလောဆယ် တက္ကသိုလ်မှာ လိုအပ်တဲ့ဆရာ၊ ဆရာမတွေကို ကျွန်တော်တို့ အသစ်တွေခန့်ထားတာတွေ လုပ်နေပါတယ်။ ခန့်ထားပြီးတော့ ကျွန်တော်တို့ သင်တန်းတွေပေးနေပြီ ဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီအခြေခံပညာကျောင်းဖွင့်မှုရဲ့ ရလဒ်

အပေါ်မူတည်ပြီးတော့ တက္ကသိုလ်များကို ဆက်လက်ဖွင့်လှစ်သွားမှာဖြစ်ပါတယ်၊ ဒီလိုဖွင့်တဲ့အခါမှာလည်း အဆင့်လိုက်ဖွင့်လှစ်ပါမယ်။ တစ်ပြိုင်တည်း ကျွန်တော်တို့ အကုန်တော့မဖွင့်နိုင်ဘူး။ မဟာတန်းတွေ၊ ပါရဂူတန်းတွေ၊ Qualified တန်းတွေ၊ ဂုဏ်ထူးတန်းတွေ ဒါပြီးလို့ရှိရင် နောက်ဆုံးနှစ်၊ တတိယနှစ်၊ ဒုတိယနှစ်စသည့်ဖြင့် ဒီလိုဖွင့်သွားမှာပါ။ ဒီလိုအဆင့်လိုက်ဖွင့်သွားမယ်ဆိုရင် သက်ဆိုင်ရာကျောင်းတွေမှာလည်း သိပ်ပြီးတော့မှ အခက်အခဲ သိပ်မရှိနိုင်ဘူးလို့ ကျွန်တော်တို့ ယူဆပါတယ်။ အဲဒီလိုလေးကျွန်တော်တို့စဉ်းစားထားပါတယ်။ ဒါကတော့ အခြေခံကနေစပြီး ပညာရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ကျောင်းသားများကတော့ ပညာသင်ကြားရေးမှာ ပညာသင်ကြားရမယ့်အရွယ်မှာ ပညာရေးကိုပဲ စိတ်ဝင်စားဖို့လိုပါတယ်။ ကျွန်တော်တို့လိုလားတာကတော့ ကျောင်းသားက ပညာသင်ကြားဖို့ပါ။ ပညာသင်ကြားရမှာ။ ပညာသင်ကြားဖို့တာဝန် ရှိပါတယ်။ စာတွေတတ်အောင်သင်ဖို့လည်း ပညာရေးဝန်ကြီးဌာနကိုလည်း ကျွန်တော်ကြပ်မတ်ပြီးတော့ ပြောဆိုလျက် ရှိပါတယ်။ ပညာတတ်အောင်၊ စာကိုတတ်အောင်သင်ပေးမယ်။ အတန်းအောင်ဖို့ထက် စာတတ်ဖို့ အရေးကြီးပါတယ်။ အတန်းအောင်ဖို့ထက်၊ စာမေးပွဲအောင်ဖို့ထက် ပညာတတ်ဖို့ အရေးကြီးပါတယ်။ သူ့ရဲ့လျော်ညီတဲ့အတန်းပညာတတ်ဖို့လိုပါတယ်။ ဒါအရေးကြီးပါတယ်။ ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့အစည်းအဝေးမှာလည်း ပြောပါတယ်။ KG+9 ကတော့ ကျွန်တော်တို့ အခြေခံကျွန်တော်တို့ရဲ့ ပညာရေးရည်မှန်းချက်ပဲ ဖြစ်ပါတယ်။ KG+9 ဖြစ်ပါတယ်။ KG+9 ပြီးတာနဲ့ ကျွန်တော်တို့ vocational ကို အသက်မွေးဝမ်းကျောင်း ပညာသင်ကြားဖို့အတွက် အခြေခံရသွားပြီဖြစ်ပါတယ်။ သူသင်လို့ရသွားပြီ။ KG+9 မရှိဘဲနဲ့တော့ ကျွန်တော်တို့ vocational သွားနိုင်ဖို့ တော်တော်လေး ခက်ပါတယ်။ အဲ့ဒါတွေပြီးတော့ အထက်တန်းပညာ၊ အဲ့ဒါတွေပြီးတော့ အဆင့်မြင့်ပညာ တစ်ဆင့်ပြီးတစ်ဆင့်သွားပေါ့ဗျာ။ ဒီလိုသွားမယ်ဆိုရင် တိုင်းပြည်ပညာရေးက ဒါမြှင့်တင်ပေးရာရောက်ပါတယ်။ တိုင်းပြည်ပညာရေးမြှင့်တင်ပေးနိုင်ပြီ ဆိုရင် တိုင်းပြည်ရဲ့အနာဂတ်ကောင်းနိုင်မယ့် အနေအထား ရှိတယ်ဆိုတာလည်း ကျွန်တော်ပြောလိုပါတယ်။ ပညာတတ်တွေနဲ့ပဲ တိုင်းပြည်တည်ဆောက်ရတာ ဖြစ်ပါတယ်။ ပညာမတတ်တဲ့သူတွေနဲ့ တိုင်းပြည်တည်ဆောက်လို့မရပါဘူး။ ကျွန်တော်တို့ ဒါကို လည်းအလေးထားဖို့လိုပါတယ်။ ဒါကြောင့် သက်ဆိုင်ရာတာဝန်ရှိတဲ့ပုဂ္ဂိုလ်များ အားလုံးက ပညာနဲ့ပတ်သက်ပြီးတော့ ပညာသင်ကြားရေးမှာ အေးချမ်းစွာပညာ သင်ကြားရေးနဲ့ အေးချမ်းစွာပညာသင်ကြားရေးပေ့ါ။ သင်ကြားနိုင်ရေးနဲ့သင်ကြားရေးဒီနှစ်ခုကို ကျွန်တော်တို့ဖန်တီးပေးဖို့လိုမယ်ဆိုတာလေး ပြောလိုပါတယ်။" ဟု ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအပေါ်တွင်မူတည်ပြီး မျှော်မှန်းသက်တမ်းများအား မိမိတို့နိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ တွက်ချက်မှုအရ ၂၀၂၀ ခုနှစ်တွင် ၆၇ ဒသမ ၄၂ နှစ်ရှိပြီး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂလူဦးရေဌာနမှ တွက်ချက်ရာတွင် ၆၇ ဒသမ ၇၈ နှစ်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် မျှော်မှန်းသက်တမ်းတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင့် ၁၅၁ တွင်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် မိမိတို့နိုင်ငံသည် နံပါတ် ၆ အဆင့်တွင်ရှိပြီး အာဆီယံနိုင်ငံများတွင် နံပါတ် ၁၀ ရှိကြောင်း၊ အဆိုပါမျှော်မှန်းသက်တမ်းအား အခြေခံအချက်များဖြစ်သည့် ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်ဘဝ အခြေအနေများ၊ ပညာသင်ကြားမှုအခြေအနေများ၊ လူမှုစီးပွားဘဝအခြေအနေများ၊ လူနေမှုပုံစံများ၊ ကလေးသေဆုံးမှုနှုန်းများ အပေါ်တွင် အဓိကထား၍တွက်ချက်ကြခြင်းဖြစ်ကြောင်း၊ ပြည်သူများကျန်းမာရေးနှင့်ပတ်သက်၍ ဆီစားသုံးမှုလျှော့ချရန်၊ အရက်၊ ဆေးလိပ်သောက်သုံးမှုများ လျှော့ချရန်တိုက်တွန်းပြောကြားလျက်ရှိကြောင်း၊ အောက်တိုဘာ ၁ ရက်တွင် မိမိပြောကြားခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်တာဝန်ယူသည့် ၉ လပြည့်မိန့်ခွန်း၌ မိမိအနေဖြင့် ဆန်စားသုံးမှုအားလျှော့ချ၍ စားသုံးမှုပုံစံပြောင်းလဲရန် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆန်အားဗိုက်ပြည့်သည်အထိ စားသုံးကြပြီး အဆိုပါဆန်တွင် ကာဗိုဟိုက်ဒရိတ်များ များပြားစွာပါဝင်သဖြင့် အဆီနှင့်အချိုဓာတ်များပါဝင်ကြောင်း၊ အလားတူ အခြားအချိုပါဝင်သည့်မုန့်များနှင့် ဟင်းလျာများတွင်လည်း ဆီကိုအလွန်အမင်းထည့်သွင်းအသုံးပြုမှုများရှိသဖြင့် ကာဗိုဟိုက်ဒရိတ်စားသုံးမှု များပြားပါ

ကြောင်း၊ အလားတူအချိုနှင့်ဆီများစားသုံးမှု၊ အရက်နှင့် ဆေးလိပ်များသောက်သုံးမှုများကြောင့်လည်း ကျန်းမာရေးကို များစွာထိခိုက်နိုင်ကြောင်း၊ ထို့ကြောင့်ပြည်သူများ ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်မှုနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် တိုက်တွန်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရုပ်မြင်သံကြားများမှလည်း အဆက်မပြတ် ထုတ်လွှင့်ပညာပေးလျက်ရှိကြောင်း။

ပြည်သူတိုင်းသက်တမ်းစေ့နေနိုင်ရေး အရေးကြီးသဖြင့် ကာဗိုဟိုက်ဒရိတ်လျှော့ချနိုင်ရေးအတွက် ဆန်စားသုံးမှု လျှော့ချရေးဆောင်ရွက်ပြီး အခြားလိုအပ်သည့် ပရိုတိန်းဓာတ်များ ရရှိစေရေးအတွက် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့်ဥများအား စားသုံး၍ ဖြည့်ဆည်းပေးရန်လိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရေး မိမိအနေဖြင့် တိုက်တွန်းဆောင်ရွက်လျက်ရှိကြောင်း၊ လူတစ်ဦးအနေဖြင့် တစ်ရက်လျှင် ကြက်ဥ ၃ လုံးမှ ၆ လုံးအထိ စားသုံးရန်လိုအပ်ပြီး အသားငါးအား တစ်ရက်လျှင် ၅ ကျပ်သားမှ ၁၀ သားအထိနေ့စဉ် စားသုံးရန်နှင့် ဟင်းသီးဟင်းရွက်များအား ၅ ကျပ်သားမှ ၁၂ ကျပ်သားအထိ စားသုံးရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ရေမြေသဘာဝကောင်းမွန်သည့် နိုင်ငံဖြစ်သည့် အတွက် သီးနှံများဖြစ်ထွန်းအောင်စိုက်ပျိုးရန်လိုအပ်ပြီး မြစ်ချောင်းများအတွင်း ငါးများပေါများအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာပြည်သူများ အာဟာရပြည့်ဝစွာစားသုံးနိုင်ပြီး ကျန်းမာရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ လူတိုင်းသက်တမ်းစေ့နေနိုင်ရေး ဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတော်၏စွမ်းအားသည် ပြည်သူများပင်ဖြစ်သဖြင့် ပြည်သူများအားလုံး ကျန်းမာစွာဖြင့် နေထိုင်နိုင်ရန်လိုအပ်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏မျှော်မှန်းသက်တမ်းများ တိုးတက်စေရေး အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ စားသုံးမှုနှင့် နေထိုင်မှုပုံစံများ ပြောင်းလဲနိုင်ရေး ဆောင်ရွက်ကြရန်တိုက်တွန်းနေခြင်းဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ်နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပခဲ့သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ နိုင်ငံတကာနှင့်အွန်လိုင်းစာမျက်နှာများတွင် လွတ်လပ်သည့်ရွေးကောက်ပွဲ ဖြစ်ခဲ့ကြောင်း ရေးသားထားမှုများရှိသည်ကို တွေ့ရှိရကြောင်း၊ ရွေးကောက်ပွဲနေ့တွင် လွတ်လပ်စွာဆန္ဒမဲပေးခဲ့ကြသည်ကိုတွေ့ရှိရသော်လည်း မဲစာရင်းများနှင့်ပတ်သက်၍ လိုအပ်သည့်ပြန်လည်စိစစ်မှုများဆောင်ရွက်ချိန်၌ ကြိုတင်ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ချိန်တွင် မဲမသမာမှုများ များစွာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရပြီး ၎င်းကိစ္စများကိုမူ မသိကျိုးကျွန်ပြုထားကြကြောင်း၊ ဆန္ဒမဲပေးရာတွင် ရွေးကောက်ပွဲတစ်ရက်တည်းကိုသာကြည့်၍မရဘဲ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲအလွန်ကာလများကို ကြည့်၍ လွတ်လပ်သည့်ရွေးကောက်ပွဲဖြစ်မဖြစ် ကြည့်ရခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများရှိကြောင်းကို မိမိထံသို့ နိုင်ငံရေးပါတီများမှ စာရေးသားတင်ပြခြင်း၊ တွေ့ဆုံစဉ်တင်ပြခြင်းများ ရှိကြောင်း၊ ထို့ကြောင့်မဲစာရင်းများအား စိစစ်ဆောင်ရွက်ခဲ့ချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆန္ဒမဲပေါင်း ၁၁ သန်းကျော်ခန့် မဲစာရင်းများမှားယွင်းခဲ့သည်ကို အခိုင်အမာတွေ့ရှိရကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအား ဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် မဲစာရင်းမသမာမှုပြုလုပ်ခြင်းသည် အဆိုးရွားဆုံးသော လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီ ၁၀ နှစ်သားသာရှိသေးသဖြင့် မိမိအနေဖြင့် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း။

ပြည်တွင်းခရီးသွားလာရေးနှင့်ပတ်သက်၍ ပြန်လည်ဖွင့်လှစ်ခွင့်ပြုပေးပြီးဖြစ်သဖြင့် ပို့ဆောင်ရေးလုပ်ငန်း၊ တည်းခိုရေးလုပ်ငန်း၊ စားသောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းရောင်းဝယ်မှုလုပ်ငန်းများ အထိုက်အလျောက် လုပ်ငန်းများပြန်လည် လည်ပတ်လာပြီဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများနှင့် ကိုဗစ်ရောဂါထိန်းချုပ်မှု အခြေအနေများအပေါ်တွင်မူတည်၍ နိုင်ငံတကာခရီးသွားလုပ်ငန်းများအား ဒီဇင်ဘာလ(သို့မဟုတ်) ဇန်နဝါရီလအတွင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း ခရီးသွားလုပ်ငန်းများပြန်လည် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများအနေဖြင့် နယ်မြေအလိုက်၊ မြို့ဝင်မြို့ထွက်များအလိုက် ကိုဗစ်စည်းကမ်းနှင့်အညီဖြစ်စေရေး ကျန်းမာရေးစစ်ဆေးခြင်း လုပ်ငန်း

များအား ဆောင်ရွက်သွားကြရန် လိုကြောင်းမှာကြားသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန် နီယယ်တို့က ပြည်ပစွက်ဖက်မှုဆန့်ကျင်ရေးဥပဒေ ပြဋ္ဌာန်းရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် မြန်မာနိုင်ငံအပေါ် ကိုယ်ချင်းစာနားလည်မှုရှိသည့် နိုင်ငံများနှင့်ဆက်ဆံရေး ပိုမိုကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်ရေးနှင့် မြန်မာ–တရုတ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ ကြံ့စိုက်တောင်သူများ ကြုံတွေ့နေရသည့် အခက်အခဲနှင့် လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးရေး၊ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG၊ PDF တို့၏ အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတစ်ဝန်းရှိအများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် လက်ကမ်းစာစောင်များ ထုတ်ဝေဖြန့်ချိရေး၊ အခြေခံပညာကျောင်းများတွင် စာသင်ခန်းသုံးသင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးရေး၊ ကိုဗစ်–၁၉ ရန်ပုံငွေချေးငွေအစီအစဉ်တွင် အခြေခံလူတန်းစားများကို ထည့်သွင်း ထုတ်ချေးပေးရေး၊ အခြေခံလူတန်းစားများ ဝင်ငွေရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး၊ အာဆီယံခရီးသွားလုပ်ငန်းအစီအစဉ်တွင် မြန်မာနိုင်ငံမှပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းအမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ အားကစားကဏ္ဍမြှင့်တင်ရေးအတွက် မူဝါဒများထပ်မံဖြည့်စွက်ပေးရေး၊ နိုင်ငံ့ဝန်ထမ်းများ ရာထူးတိုးမြှင့်ရေးကိစ္စနှင့်ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် ရာထူးတိုးမြှင့်ရေးတွင် စနစ်တကျစိစစ်ဆောင်ရွက်ရေး၊ လေယာဉ်ဖြင့် ခရီးသွားမည့်ပြည်သူများအား ကိုဗစ်–၁၉ ရောဂါ စစ်ဆေးခလျှော့ချပေးရေးနှင့် အလွယ်တကူစစ်ဆေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရေး၊ ကယားပြည်နယ်ရှိ ပြည်သူများ၏ ဘဝလုံခြုံရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး နိုင်ငံတော်မှလမ်းညွှန်မှုပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားရာတွင် ပြည်ပစွက်ဖက်မှုဆန့်ကျင်ရေးဥပဒေနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် နိုင်ငံအလိုက် ဥပဒေများအား ဥပဒေရေးရာဝန်ကြီးဌာနက လိုအပ်သည့်စိစစ်လေ့လာမှုများဆောင်ရွက်ရန် တာဝန်ပေးထားကြောင်း၊ မိမိတို့အနေဖြင့် မြေပေါ်မြေအောက် သယံဇာတထုတ်ယူမှုကို အတတ်နိုင်ဆုံးထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ ကုန်ကြမ်းအနေဖြင့်ထုတ်လုပ်ရောင်းချမှုကို တားမြစ်ထားပြီး Value added တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချမှုကိုသာ အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများနှင့် မိတ်ဖက်ဆက်ဆံရေးကို အလေးထားဆောင်ရွက်လျက် ရှိပြီး အိမ်နီးချင်းနိုင်ငံများနှင့်လည်း ဆက်သွယ်ဆက်ဆံလျက်ရှိပါကြောင်း၊ ထို့ပြင်အာဆီယံကကျင်းပသည့် ဝန်ကြီးအဆင့်အစည်းအဝေးများတွင် မိမိတို့နိုင်ငံမှ ပြည်ထောင်စုဝန်ကြီးများ ပါဝင်တက်ရောက်ဆွေးနွေးလျက်ရှိပြီး လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို လုပ်ဆောင်လျက်ရှိကြောင်း၊ ကြံ့စိုက်တောင်သူများ လတ်တလောတွေ့ကြုံနေရသည့် အခက်အခဲများကို ဥပဒေနှင့်အညီ အမြန်ဆုံး စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

အကြမ်းဖက်အဖွဲ့အစည်းများ၏ လုပ်ရပ်များနှင့် စပ်လျဉ်း၍ ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် နိုင်ငံပိုင်နှင့်တပ်မတော်ပိုင် မီဒီယာကဏ္ဍမှ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားကဏ္ဍနှင့်စပ်လျဉ်း၍ လူထုအခြေပြုအားကစားဖွံ့ဖြိုးတိုးတက်ရေးကိုအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်–၁၉ ရန်ပုံငွေမှ အခြေခံလူတန်းစားများအား ချေးငွေထုတ် ချေးပေးရေးနှင့်ပတ်သက်၍ လိုအပ်သည့်အချက်အလက်များကို အခြေခံတွက်ချက်၍ ဘဏ္ဍာရေးအခြေအနေပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ ဝင်ငွေတိုးတက်စေရေးအတွက် သဘာဝသယံဇာတများကိုသာ အားကိုးနေ၍မရဘဲ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးအောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုအခါ ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ခေတ္တပိတ်ထားခဲ့ရသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံခရီးသွားစကြိန်တွင်ပါဝင်လျက်ရှိပြီး လက်ရှိအခြေအနေတွင် ပြည်တွင်းခရီးသွားလုပ်ငန်းများ စတင်လည်ပတ်နေပြီ

ဖြစ်ကြောင်း၊ ပြည်တွင်း ခရီးသွားလုပ်ငန်းများ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ပြီဆိုပါက ပြည်ပခရီးသွားလုပ်ငန်းများကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း။

ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းအပါအဝင် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်သည့်စီမံကိန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အားကစားကဏ္ဍမူဝါဒတွင် လိုအပ်သည့်အချက်များကို ထပ်မံဖြည့်စွက်သွားမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေး အတွက်လိုအပ်သော အလုပ်ရုံဆွေးနွေးပွဲများ၊ ပြိုင်ပွဲများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လေကြောင်းခရီးသွားပြည်သူများ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးကိစ္စများနှင့်ပတ်သက်၍ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ဘဝလုံခြုံရေးအတွက် အလေးထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ငွေကြေးခိုင်မာမှုရှိပြီး စီးပွားရေးကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်စီးပွားရေးကောင်းမွန်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းပြည်၏ ကုန်သွယ်မှုလိုငွေကို လျှော့ချနိုင်ရေးအတွက် သွင်းကုန်များကို ထိန်းချုပ်ဆောင်ရွက်လျက်ရှိပြီး ဈေးကွက်ရှိသည့် တန်ဖိုးမြင့်ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်သူများအလုပ်အကိုင်ရရှိပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝသာယာဝပြောမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရ၏ ရည်ရွယ်ချက်သည်လည်း တိုင်းပြည်သာယာဝပြောပြီး စားရေရိက္ခာပေါများရေးပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများဝင်ငွေရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးလုပ်ငန်းစနစ်များ ကောင်းမွန်စွာလည်ပတ်နိုင်စေရန်အတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဗဟိုဘဏ်၏ ဦးဆောင်မှုကို ပုဂ္ဂလိကဘဏ်များအနေဖြင့် လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း ငွေပေးချေမှုစနစ်တွင် ဗဟိုဘဏ်၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ပုဂ္ဂလိကဘဏ်များ လိုက်နာဆောင်ရွက်နိုင်ရန် ဘဏ်စည်းကမ်းများထုတ်ပြန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ဗဟိုဘဏ်မှ ဝင်ရောက် ထိန်းကြောင်းပေးခြင်းဖြင့် ပြည်သူများဘဏ်စနစ်အပေါ် ယုံကြည်မှုရှိပြီးငွေကြေးခိုင်မာမှုရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံခြားငွေကုန်ကျမှုကို စိစစ်သုံးစွဲနိုင်ပါက တိုင်းပြည်အတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ စားအုန်းဆီတင်သွင်းမှုနှင့် စက်သုံးဆီတင်သွင်းမှုကို လျှော့ချနိုင်မှသာ နိုင်ငံခြားသုံးငွေလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် စားသောက်မှုပုံစံကို ပြင်ဆင်သွားရန်နှင့် ဆီစားသုံးမှုကို လျှော့ချသွားရန်လိုအပ်ကြောင်း၊ ထို့ပြင် စက်သုံးဆီတင်သွင်းမှုလျှော့ချရေးအတွက် တာဝန်ရှိသူများအနေဖြင့် အများပြည်သူပို့ဆောင်ရေးစနစ် ဖော်ဆောင်နိုင်ရေး စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

■ ■ ■

# ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်စက်မှုဇုန်နယ်မြေရှိ EVER Meter စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၁၀ - ၁၁ - ၂၀၂၁ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်အဖွဲ့ဝင်များလိုက်ပါ၍ နိုဝင်ဘာလ ၁၀ ရက်မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးရှိ အင်းတကော်စက်မှုဇုန်နယ်မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းတကော်စက်မှုဇုန်နယ်မြေသို့ရောက်ရှိရာ စက်မှုဇုန်နယ်မြေရှင်းလင်းဆောင်ရွက်ရေး ... ဆောင်၍ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက အင်းတကော်စက်မှုနယ်မြေနောက်ခံသမိုင်းကြောင်း၊ စက်မှုနယ်မြေအတွင်း မော်တော်ယာဉ်များနှင့် ဆက်စပ်ပစ္စည်းများ၊ ACSR Wire များ၊ လျှပ်စစ်မီတာများနှင့် အခြားလုပ်ငန်းသုံးဆက်စပ်ပစ္စည်းများထုတ်လုပ်ဆောင်ရွက်ခဲ့မှုနှင့် ရပ်နားထားရသည့် စက်ရုံအလုပ်ရုံများပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ EVER Meter စက်ရုံCEO ဦးမျိုးအောင်က Digital Meter များ ထုတ်လုပ်နေမှုနှင့် ၂၀၁၅ ခုနှစ်မှစ၍ AMI စနစ်ဖြင့် လျှပ်စစ်မီတာများတပ်ဆင်ဆောင်ရွက်၍ Automatic Billing System၊ Automatic Reading System များအသုံးပြုပြီး မီတာခများကောက်ခံမှုနှင့် ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ Control Center မှတစ်ဆင့် ထိန်းချုပ်ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ အဆင့်မြင့်မီတာများထုတ်လုပ်နိုင်

ရေးဆက်လက်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ Analog Meter များနှင့် ပြည်ပမှတင်သွင်းသည့်ဆက်သွယ်ရေးစနစ်မပါရှိသည့် ဒစ်ဂျစ်တယ်မီတာများ၏ အားနည်းချက်များနှင့် AMI စနစ်တပ်ဆင်ထားသည့် မီတာများဖြင့် လဲလှယ်တပ်ဆင်နိုင်ရေးလိုအပ်ချက်ရှိသည့် အခြေအနေ၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများမှာ ယခင်က ပျမ်းမျှ ၁၆ ရာခိုင်နှုန်းခန့်အထိရှိခဲ့ရာမှ ယခု AMI စနစ်တပ်ဆင်အသုံးပြုနိုင်ခဲ့ခြင်းကြောင့် ဓာတ်အားပျောက်ဆုံးမှုပျမ်းမျှ နှစ်ရာခိုင်နှုန်းအထိ ကျဆင်းခဲ့မှုအခြေအနေ၊ AMIစနစ် မီတာအသုံးပြုခြင်းဖြင့် လျှပ်စစ်မီတာခများကောက်ခံရာတွင် Mobile Banking စနစ်များဖြင့် လွယ်ကူစွာချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများအား အထိုက်အလျောက် ထိန်းချုပ်နိုင်မှုနှင့် အခြားမြို့ပြဆိုင်ရာ လုပ်ငန်းများတွင်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့်သက်ဆိုင်သည့် အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုဆောင်ရွက်နိုင်မှုအခြေအနေများကိုလည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်မီတာများ လိုအပ်မှုအခြေအနေ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**စနစ်တကျထိန်းသိမ်းဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရပ်နားထားရသည့်စက်များပြန်လည် လည်ပတ်နိုင်ရေးဆောင်ရွက်ရန်၊ စက်ရုံများအလိုက် စက်ပစ္စည်းများအား မလိုလားအပ်ဘဲ ပျက်ဆီးဆုံးရှုံးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်၊ မြန်မာ့လျှပ်စစ်လုပ်ငန်းတွင် အသုံးပြုရန်လိုအပ်လျက်ရှိသည့် လျှပ်စစ်ဝါယာကြိုးများအားပြည်တွင်း၌ အရည်အသွေးပြည့်မီသည့် ကုန်ကြမ်းများကိုအသုံးပြု၍ စံချိန်စံညွှန်းကိုက်ညီစွာဖြင့် ထုတ်လုပ်နိုင်ပါက ပြည်ပငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်သဖြင့် လုံလောက်စွာထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အားများအား တရားမဝင်နည်းလမ်းများဖြင့် ရယူသုံးစွဲမှုမရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ကြပ်မတ်ဆောင်ရွက်ရန်၊ အခြေခံပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲခများ သက်သာမှုရှိစေရေး စွမ်းအင်ချွေတာနိုင်သည့် လျှပ်စစ်ပစ္စည်းများ အသုံးပြုနိုင်ရေး ပညာပေးခြင်းနှင့် တိုက်တွန်းခြင်းများဆောင်ရွက်ပေးရန်၊ လျှပ်စစ်ဓာတ်အားများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ရန်၊ အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာရှိ လျှပ်စစ်သုံးစွဲခများနှင့် မြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ်အားသုံးစွဲခအား ပြည်သူလူထု သက်သာမှုရှိစေရေး နှိုင်းယှဉ်သုံးသပ်ဆောင်ရွက်သွားရန်နှင့် ကျေးရွာများတွင် ထင်းသုံးစွဲ၍ ချက်ပြုတ်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် ထင်းသုံးစွဲမှုလျှော့ချပေးရန်လိုအပ်ကြောင်း၊ ထင်းသုံးစွဲမှုများ လျှော့ချနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကို တိုးမြှင့်ထုတ်လုပ်၍ ဓာတ်အားသုံးစွဲခများသက်သာစွာရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ တစ်အိမ်ထောင်လျှင်ယူနစ် ၁၀၀ ခန့်သာသုံးစွဲပါက ခန့်မှန်းဓာတ်အား သုံးစွဲခငွေကျပ် ၆၀၀၀ ဝန်းကျင်ခန့်သာကုန်ကျမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာများတွင် လျှပ်စစ်မီးရရှိစေရေးအတွက် ဆိုလာစနစ်များတပ်ဆင်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာများဖြင့် အိမ်သုံးလျှပ်စစ်ဓာတ်အားများ ထုတ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ရန်နှင့် လိုအပ်လျက်ရှိသည့် ဆိုလာပြားများအား ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်၊ ရန်ကုန်မြို့အတွင်း AMI စနစ်သုံးမီတာများ ရာနှုန်းပြည့် ပြောင်းလဲတပ်ဆင်နိုင်ရေး ဆောင်ရွက်ရန်နှင့် မန္တလေးမြို့တွင်လည်း AMI စနစ်သုံး လျှပ်စစ်မီတာများ ပြောင်းလဲတပ်ဆင်နိုင်ရေး လျာထားဆောင်ရွက်သွားရန်၊ အလားတူတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြို့ကြီးများတွင်လည်း တပ်ဆင်နိုင်ရေးအဆင့်လိုက်ဆောင်ရွက်သွားရန်၊ လျှပ်စစ်မီတာများ အရည်အသွေးအဆင့်မြင့်မားမှုရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေးတို့အား ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (သမိုင်း) နှင့် မြန်မာ့ဆေးဝါးစက်ရုံ (အင်းစိန်) တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၁၁ - ၁၁ - ၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်သန်းဦး၊ ဒေါက်တာ ချာလီသန်း၊ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ နိုဝင်ဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)နှင့် မြန်မာ့ဆေးဝါးစက်ရုံ (အင်းစိန်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (သမိုင်း) စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူး ဦးခိုင်ရွှေက စက်ရုံသမိုင်းအကျဉ်းနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုအခြေအနေများ၊ စက်ရုံမှချည်မျှင်များ၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများအား အရည်အသွေးပြည့်မီစွာဖြင့် ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်၍ တပ်မတော်၏လိုအပ်ချက်များနှင့် ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနိုင်မှုအခြေအနေများ၊ တိုင်းရင်းသားများနှင့် ကျေး လက်နေပြည်သူလူထု ဝယ်ယူသုံးစွဲနိုင်မည့်ပစ္စည်းများထုတ်လုပ်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ သင်္ကန်းများအား ဝိနည်းတော်နှင့်အညီ ထုတ်လုပ်ရောင်းချနိုင်ရေး ဆရာတော်ကြီးများ၏ ဩဝါဒများခံယူ၍ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စက်ရုံသန့်ရှင်းသပ်ရပ်ရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**စက်များစွမ်းအားပြည့် လည်ပတ်နိုင်ရေး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံ

တွင် ချည်မျှင်နှင့်အထည် ထုတ်လုပ်သုံးစွဲမှုတွင် လိုအပ်ချက်များရှိသဖြင့် ပြည်တွင်း၌စက်ရုံများ တည်ဆောက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပသွင်းကုန်များလျှော့ချရန်အတွက် ပြည်တွင်းစက်ရုံများမှ လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စက်များစွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် စက်များကြံ့ခိုင်မှုရှိရန် လိုအပ်သဖြင့် ထိန်းသိမ်းမှုများအား စဉ်ဆက်မပြတ်ပြုလုပ်နေရန်လိုအပ်ကြောင်း၊ ထို့ကြောင့်စက်ရုံသန့်ရှင်းရေးနှင့် စက်ပစ္စည်းများ ကြံ့ခိုင်မှုရှိပြီး ယိုယွင်းမှုမရှိစေရေး အသေးစိတ်မှအစ ထိန်းသိမ်းဂရုပြုဆောင်ရွက်ကြရန်လိုကြောင်း၊ စက်ရုံအတွင်း လေဝင်လေထွက်ကောင်းမွန်မှုမရှိခြင်းသည် ဝန်ထမ်းများ၏ကျန်းမာရေးထိခိုက်မှုကိုဖြစ်စေနိုင်ပြီး လုပ်ငန်းခွင်တွင်လုပ်အားများဆုံးရှုံးမှုရှိစေနိုင်ကြောင်း၊ ယခုကာလသည်ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလဖြစ်သဖြင့် ဝန်ထမ်းများ ကျန်းမာရေးကောင်းမွန်စေရေးကို အထူးဂရုပြုဆောင်ရွက်ရန်လိုကြောင်း၊

ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသား ပြည်သူတို့၏ အသုံးအဆောင် အဝတ်အထည်ပစ္စည်းများအား ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဥပမာအားဖြင့် မျက်နှာသုတ်ပဝါ၊ စွပ်ကျယ်၊ စောင်၊ ခြင်ထောင်များဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်အမြတ်ကို အဓိကမထားဘဲ ပြည်သူများ ဈေးနှုန်းသက်သာစွာရရှိရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ စက်စွမ်းအားပြည့်လည်ပတ်၍ ပြည်တွင်းလိုအပ်ချက်ကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဝတ်အထည်များအား အရည်အသွေးပြည့်မီစွာဖြင့် အဆင့်အတန်းမီထုတ်လုပ်၍ ပြည်တွင်းဈေးကွက်တွင် ရောင်းချနိုင်ရန်လိုကြောင်း၊ အဝတ်အထည်များအား အရောင်အသွေးစုံလင်စွာဖြင့် ဈေးကွက်အတွင်းလူကြိုက်များသည့် ပုံစံအမျိုးအစားအလိုက် ထုတ်လုပ်ရောင်းချသွားရန်လိုကြောင်း၊

**များစွာလိုအပ်လျက်ရှိ**

အခြားဈေးကွက် လိုအပ်ချက်ရှိသည့် ဟိုတယ်သုံးပစ္စည်းများနှင့် ပုဂ္ဂလိကသုံးပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာထုတ်လုပ်၍ ဈေးကွက်ရရှိရေး စဉ်းစားဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ လုပ်ငန်းအောင်မြင်တိုးတက်စေရေးအတွက် သုတေသနပြုလုပ်ငန်းများအား ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိပြီး ပြည်တွင်း၌ ချည်ထည် အသုံးအဆောင်များနှင့် အဝတ်အထည်ပစ္စည်းများ များစွာလိုအပ်လျက်ရှိကြောင်း၊ ချည်ထည်များ ထုတ်လုပ်နိုင်ရန် အဓိကအကျဆုံးဖြစ်သည့် ဝါစိုက်ပျိုးမှုများအား တိုးချဲ့ဆောင်ရွက်ရန်နှင့် စိုက်ပျိုးသည့်ဝါများ အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝါများအထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဝါစိုက်တောင်သူများ၏ လူမှုစီးပွားဘဝတိုးတက်မည်ဖြစ်သကဲ့သို့ ပြည်တွင်း လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ဝါထွက်ကုန်များမှတစ်ဆင့် ဝါဂွမ်းကိုသာမက ဝါစေ့ဆီနှင့် ဝါကြိတ်ဖတ်များကိုလည်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ဝါထွက်ကုန်ဖြစ်သည့် ဝါစေ့ဆီမှစားဆီနှင့်စက်သုံးဆီများ၊ ဝါကြိတ်ဖတ်များအား တိရစ္ဆာန်အစာထုတ်လုပ်ခြင်းများကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းဝါ စိုက်ပျိုးမှု တိုးတက်စေရေး ဝါစိုက်တောင်သူများအား နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ချည်မျှင်နှင့်အထည်စက်ရုံများသည် နိုင်ငံအတွက်လွန်စွာအကျိုးရှိသည့် စက်ရုံများဖြစ်သဖြင့် နိုင်ငံ့လိုအပ်ချက်များအား ပြည့်မီစွာထုတ်လုပ်၍ ပြည်သူများဈေးနှုန်းသက်သာစွာဖြင့် အဝတ်အထည်များအား အသုံးပြုနိုင်ရေး စနစ်တကျ စဉ်းစားသုံးသပ်ဆောင်ရွက်ကြရန် လိုကြောင်းမှာကြားပြီးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ခင်းကျင်းပြသထားသည့် စက်ရုံမှထုတ်အဝတ်အထည်ပစ္စည်းများကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ချည်မျှင်နှင့်အထည်များအား အဆင့်ဆင့်ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှူးနှင့်တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

အဆိုပါ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း) မှ ချည်မျှင်ညို၊ တက်ထရက်ပိတ်ညို၊ စွပ်ကျယ်ပိတ်ညို၊ ပဝါပိတ်ညို၊ သင်္ကန်းများ၊ တက်ထရက်ပိတ်ရောင်စုံ၊ စွပ်ကျယ်

ပိတ်ရောင်စုံ၊ ပဝါရောင်စုံ၊ တီရှပ်မျိုးစုံ၊ စပို့ရှပ်မျိုးစုံ၊ နိုင်လွန်တာဖက်တာများ၊ ဆေးဂွမ်းလိပ်များ၊ အိပ်ယာခင်းရောင်စုံတို့အပြင် အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့ကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်၍ တပ်မတော်၏လိုအပ်ချက်နှင့် ပြည်တွင်းဈေးကွက်လိုအပ်ချက်အား ဈေးနှုန်းသက်သာဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေး လျက်ရှိကြောင်း သိရှိရသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးစက်ရုံ(အင်းစိန်)သို့ ရောက်ရှိကြပြီး စက်ရုံမှ ထုတ်လုပ်ထားသည့် ဆေးပစ္စည်းများအား ကြည့်ရှုကာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူးဦးသောင်းဦးက စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံဖွဲ့စည်းမှု၊ စက်ရုံမှဆေးဝါးများထုတ်လုပ်နေမှုနှင့် ဖြန့်ဖြူးရောင်းချနေမှု အခြေအနေ၊ မြွေဆိပ်ဖြေဆေးများ အဆင့်ဆင့်ထုတ်လုပ်နေမှုအခြေအနေ၊ စက်ရုံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် (6 M) ဆိုင်ရာ စိစစ်သုံးသပ်ချက်အခြေအနေ၊ နည်းပညာမြင့်စက်များ တပ်ဆင်အသုံးပြုလျက် ရှိမှုအခြေအနေ၊ ကုန်ကြမ်းရရှိသုံးစွဲမှုအခြေအနေ၊ ဆေးဝါးများထုတ်လုပ်ရာတွင် လိုက်နာဆောင်ရွက်လျက်ရှိသည့် နည်းစဉ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက်ဆောင်ရွက်နေမှုအခြေအနေ၊ ပုဂ္ဂလိကဆေးဝါးစက်ရုံများအား ကူညီဆောင်ရွက်ပေးနေမှုနှင့် ပြည်ပမှတင်သွင်းလျက်ရှိသည့် ဆေးဝါးများအားအစားထိုးနိုင်ရေးအတွက် စက်ရုံမှထုတ်လုပ်သွားမည့်အခြေအနေနှင့် ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးထုတ်လုပ်မှုနှင့်ပတ်သက်၍ မြန်မာ့ဆေးဝါးစက်ရုံ(အင်းစိန်)သည် ကောင်းမွန်သည့် သမိုင်းကြောင်းများရှိသည့် ဆေးဝါးထုတ်လုပ်ရေးစက်ရုံဖြစ်ကြောင်း၊ ထို့ကြောင့် စက်ရုံနှင့် ပတ်သက်သည့် သမိုင်းကြောင်းမှတ်တမ်းများအား စနစ်တကျဖြင့် ထိန်းသိမ်းထားရှိရန်လိုအပ်ကြောင်း၊ ဆေးဝါးထုတ်လုပ်ရာတွင်အမြတ်ရရှိမှုကို အဓိကမထားဘဲ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားအတွက် ဦးစားပေးစဉ်းစားဆောင်

> **ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်ရေးနှင့် ပတ်သက်၍ ဆေးစတင်ထုတ်လုပ်နိုင်သည့် အချိန်မှစ၍ ပြည်သူများအတွက် လိုအပ်ချက်များ ပြည့်မီစွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လို၊ မိမိတို့ထုတ်လုပ်သည့် ဆေးဝါးများ၏အရည်အသွေးနှင့် ဈေးနှုန်းများကို ပြည်ပဈေးကွက်ဖြင့် ယှဉ်နိုင်ရန်လို၊ အခြားအရေးကြီးဆေးဝါးများမှအပ ပြည်ပမှ တင်သွင်းသည့်ဆေးနှင့် မိမိတို့စက်ရုံမှထုတ်လုပ်သည့် အမျိုးအစားတူ အခြေခံဆေးဝါးများ၏ ဈေးနှုန်းများကိုနှိုင်းယှဉ်၍ ခိုင်မာသည့်ဈေးနှုန်း၊ ဈေးကွက်အဖြစ်ရပ်တည်နေအောင် ဆောင်ရွက်ရမည်ဖြစ်။**

ရွက်ကြရန်လိုကြောင်း၊ ဆေးဝါးများထုတ်လုပ်ရာတွင် ဆေးများ၏အရည်အသွေးပြည့်မီရန်လိုအပ်သကဲ့သို့ ထုပ်ပိုးမှုပုံစံများ ကောင်းမွန်ရန်လိုအပ်ကြောင်း၊ ပြည်သူများ အမှန်တကယ်လိုအပ်သည့် ဆေးဝါးများ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရန်လိုကြောင်း၊

မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအား နိုင်ငံတော် အစိုးရမှ အပြည့်အဝဆောင်ရွက်ပေးနိုင်ရေးအတွက် အစီအစဉ်ရေးဆွဲ၍ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးဝါးထုတ်လုပ်ရေး အတွက် ကုန်ကြမ်းများအား လုံလောက်စွာရရှိရေးနှင့် စက်ရုံမှထုတ်လုပ်သည့်ဆေးဝါးများအား ဖြန့်ဖြူးနိုင်ရေးဈေးကွက်သုတေသနပြုဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့နိုင်ငံရှိ ပြည်သူများ၏ ကျန်းမာရေးအခြေအနေများအား သုတေသနပြုလုပ်၍ လိုအပ်သည့်ဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စက်ရုံ အနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း များအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ပမှတင်သွင်းလျက်ရှိသည့်ဆေးဝါးများအား ဈေးကွက်သုတေသနပြုလုပ်ဆောင်ရွက်၍ ပြည်ပတင်သွင်းမှုလျှော့ချနိုင်ရေး အတွက် စက်ရုံမှထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်နှင့် လိုအပ်သည့်

စက်ပစ္စည်းများအား ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊

ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်ရေးနှင့်ပတ်သက်၍ ဆေးစတင်ထုတ်လုပ်နိုင်သည့် အချိန်မှစ၍ ပြည်သူများအတွက်လိုအပ်ချက်များပြည့်မီစွာ ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ထုတ်လုပ်သည့် ဆေးဝါးများ၏ အရည်အသွေးနှင့် ဈေးနှုန်းများကို ပြည်ပဈေးကွက်ဖြင့် ယှဉ်နိုင်ရန်လိုကြောင်း၊ အခြားအရေးကြီးဆေးဝါးများမှအပ ပြည်ပမှတင်သွင်းသည့်ဆေးနှင့် မိမိတို့စက်ရုံမှထုတ်လုပ်သည့်အမျိုးအစားတူ အခြေခံဆေးဝါးများ၏ ဈေးနှုန်းများကို နှိုင်းယှဉ်၍ခိုင်မာသည့်ဈေးနှုန်း၊ ဈေးကွက်အဖြစ်ရပ်တည်နေအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းလိုအပ်ချက်များအား ပြည်တွင်း၌လုံလောက်စွာထုတ်လုပ်၍ ပြည်ပမှတင်သွင်းမှုကိုလျှော့ချနိုင်ပါက ပြည်ပငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊

**တိုးမြှင့်ထုတ်လုပ်သွားရန်လို**

နိုင်ငံအတွက် အကျိုးရှိသည့် စက်ရုံဖြစ်သဖြင့် ပြည်တွင်းလိုအပ်ချက်များအား လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် မိမိတို့ထုတ်နိုင်သည့် ဆေးဝါးများအား တိုးမြှင့်ထုတ်လုပ်သွားရန်လိုကြောင်း၊ ပြည်တွင်း ပုဂ္ဂလိကဆေးဝါးစက်ရုံများကိုလည်း အားပေးကူညီမှုများ ဆောင်ရွက်ပေးသွားရန်လိုကြောင်းမှာကြားပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကာလအတွင်း ယခု မြန်မာ့ဆေးဝါးစက်ရုံ (အင်းစိန်)မှ ဝန်ထမ်းများအနေဖြင့် နားရက်မရှိ တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်၏ကျန်းမာရေးအခန်းကဏ္ဍကို များစွာအထောက်အကူပြုခဲ့သည့်အတွက်လည်း အသိအမှတ်ပြုချီးကျူးပါကြောင်း ပြောကြားသည်။

■ ■ ■

# “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ထုဆစ်ခြင်းနှင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များအား ပြောကြားသည့် အမှာစကား

( ၁၂ - ၁၁ - ၂၀၂၁ )



ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ထုဆစ်ခြင်းနှင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များအား ရှင်းလင်းပြောကြားခြင်းအခမ်းအနားကိုနိုဝင်ဘာလ ၁၂ ရက် နံနက်ပိုင်းတွင် အဆိုပါဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မဟာမင်္ဂလာမဏ္ဍပ်တော်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု တရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ် ဌာနချုပ်တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဦးစီးဆောင်ရွက်**

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်

စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် အကောင်အထည်ဖော်ဆောင် ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စကျင်ကျောက်တော်ကြီးအား Angelo Mining Co.Ltd. က ၂၀၁၃ ခုနှစ်တွင် Shwe Foundationသို့လှူဒါန်းခဲ့ပြီး Shwe Foundation ၏ လွှဲအပ်ချက်အရ တပ်မတော်က စကျင်ရုပ်ပွားတော်မြတ် ကြီး တည်ထားကိုးကွယ်ရန် ဦးစီးဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့် တူးဖော် ခြင်းနှင့် ကျောက်တုံးတော်များအား အပိုင်းအလိုက် သယ်ယူနိုင်ရေး ဆောင်ရွက်ခဲ့ရကြောင်း၊ ရုပ်ပွားတော် မြတ်ကြီးအား နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီး များ၏သြဝါဒခံယူ၍ ရတနာပုံခေတ်ဟန်ဖြင့် ထွင်းထု ပူဇော်မည်ဖြစ်ပြီး ကျောက်တုံးတော်များအား ပင့်ဆောင် ရာတွင် စကျင်တောင်မှ နေပြည်တော်သို့ ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် အဆင့်ဆင့်ပင့်ဆောင်ခဲ့ရ ကြောင်း၊ စကျင်တောင်မှ မြောင်မြစ်အထိ အကျယ်ထိပ်ဝ ပေ ၁၂၀၊ အောက်ခြေ ပေ ၉၀၊ တာပေါင်အမြင့် ပေ ၄၀ ရှိ တူးမြောင်းဖောက်လုပ်၍ ၎င်းမှတစ်ဆင့် ဧရာဝတီ မြစ်ကြောင်းအတိုင်း မြင်းခြံမြို့နယ်ရှိ ဆီမီးခုံဆိပ်ကမ်း သို့ ပထမအဆင့် ပင့်ဆောင်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် မန္တလေး – ရန်ကုန်အမြန်လမ်းမကြီးအတိုင်း Modular Trailer များဖြင့် ယခုတည်ထားကိုးကွယ်မည့် ဗုဒ္ဓဥယျာဉ် တော်နေရာသို့ အဆင့်ဆင့်ပင့်ဆောင်ခဲ့ရကြောင်း။

**အမြင့်ဆုံးဖြစ်လာမည်**

ကျောက်တုံးတော်ကြီးများ ပင့်ဆောင်ပြီးစီးချိန်တွင် ဖောက်လုပ်ခဲ့သည့် တူးမြောင်းနေရာအား မြေပြန်လည် ဖို့ခြင်းများဆောင်ရွက်ပေးခဲ့မှုကြောင့် တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နေပြီ ဖြစ် ကြောင်းနှင့် အမြန်လမ်းမကြီးတစ်လျှောက်ရှိ ပြုပြင်ခဲ့ သည့် By pass ၈၄ နေရာနှင့် အခြားနေရာများအား မူလ အတိုင်း ပြန်လည်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျောက်တုံးတော်ကြီးများပင့်ဆောင်မှုသည် ကမ္ဘာပေါ် တွင် ရေလမ်းခရီးအရလည်းကောင်း၊ ကုန်းလမ်းခရီးအရ လည်းကောင်း အဝေးဆုံးဖြစ်သကဲ့သို့၊ အလေးချိန်အရ လည်းအများဆုံးဖြင့် စံချိန်တင်မှုအခြေအနေများနှင့် အခက်အခဲအမျိုးမျိုးများကြားမှ ပင့်ဆောင်ခဲ့ရခြင်းဖြစ် ကြောင်း၊ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည် ထားကိုးကွယ်မှုပြီးစီးပါက ကမ္ဘာပေါ်ရှိကျောက်ဆစ် ဗုဒ္ဓ ရုပ်ပွားတော်များတွင် ဥဏ်တော်အမြင့်ဆုံးဖြစ်လာမည် ဖြစ်ကြောင်း။

ရုပ်ပွားတော်မြတ်ကြီးကို ထုဆစ်ပူဇော်ရာတွင် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၏ သြဝါဒ များနှင့်အညီ မြတ်စွာဘုရားရှင်၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ် တို့နှင့် သင့်လျော်ညီညွတ်သော ဘူမိဖဿမုဒြာဟန်ဖြင့် ထုဆစ်ပူဇော်သွားမည်ဖြစ်ပြီး ဆင်းတုတော်ကြီးတည် ထားမည့် ဥယျာဉ်တော်အတွင်း၌ ရုပ်နီးရုပ်ဝေးမှ ဘုရားဖူး လာပြည်သူများ အဆင်ပြေစေရေးအတွက် ဂန္ဓကုဋိတိုက် များ၊ ဓမ္မာရုံများ၊ မော်ကွန်းတိုက်များ၊ သုဓမ္မာဇရပ်၊ မုစလိန္ဒ အိုင်၊ မင်္ဂလာတံတားနှင့် ရေပန်းများကို ရတနာပုံခေတ် လက်ရာများအတိုင်း ထည့်သွင်းတည်ဆောက်၍ မြန်မာ့ အနုပညာလက်ရာစုံလင်စွာဖြင့် ဗိသုကာလက်ရာမြောက် အောင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ထုဆစ်ပူဇော်သွားမည်**

တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရတနာပုံခေတ်လက်ရာများကို အခြေပြုထားပြီး အတုမရှိ ကျောင်းတော်၊ ရွှေစည်းခုံတို့မှ ဗိသုကာလက်ရာများ အပြင် နိုင်ငံတကာမှ ကမ္ဘာ့အံ့ဖွယ်အဆောက်အဦတို့၏ နည်းပညာလက်ရာများကိုလေ့လာ၍ Conceptual Design များဖြင့် ဖော်ထုတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဂန္ဓ ကုဋိတိုက်အတွင်း၌လည်း ဗုဒ္ဓဝင်များကို စကျင်ကျောက် များဖြင့် ထုဆစ်ပူဇော်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ ပလ္လင်တော် အပိုင်း ၁ နှင့် ၂ ကိုနေရာချထားပြီးစီးပြီဖြစ် ကြောင်း၊ ရုပ်ပွားတော်ကြီး၏ ပင်မကိုယ်ထည်ပိုင်းကို အပိုင်း ၄ ပိုင်းဖြင့် ထုဆစ်ပူဇော် သွားမည်ဖြစ်ပြီး အပိုင်း ၁ နှင့်အပိုင်း ၄ တို့အား ခေတ်မီ CNC Machine များဖြင့် ပုံဖော်ထုဆစ်မှုများဆောင်ရွက်နေကြောင်း၊ ရုပ်ပွားတော် မြတ်ကြီးအား ရာသီဥတုနှင့်အခြားသဘာဝဘေးဒဏ်များ ခံနိုင်ရည်ရှိစေရေးအတွက် အလေးချိန်တန်ချိန် ၂၀၀၀ ခံနိုင်သော Foundation ဖြင့် တည်ဆောက်ထားပြီး ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်း၏ အပြင်းဆုံး လေတိုက်နှုန်း 120 Mph နှင့် မြန်မာနိုင်ငံတွင်အမြင့်ဆုံး

လှုပ်ခတ်နိုင်သည့် ငလျင်လှုပ်ခတ်နှုန်း Earthquake Magnitude 8.7, 8.8 အထိ ခံနိုင်ရည်ရှိစေရန်အတွက် Steel Rebars များထည့်သွင်း အားဖြည့်ထားကာ သမားရိုးကျနည်းလမ်းများနှင့် ခေတ်မီနည်းလမ်းများပေါင်းစပ်၍ Composite နည်းပညာအသုံးပြုတွဲဆက်ခြင်းများ ဆောင်ရွက်ထားကြောင်း။

ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးပါက ဉာဏ်တော်အမြင့် ၆၃ ပေ၊ ပလ္လင်တော်အမြင့် ၁၈ ပေ၊ စုစုပေါင်း ၈၁ ပေ အမြင့်ရှိမည်ဖြစ်ပြီး ဆင်းတုတော်အလေးချိန် ၁၇၈၂ တန်၊ ပလ္လင်တော် အလေးချိန် ၃၅၁၀ တန်၊ စုစုပေါင်း အလေးချိန် ၅၂၉၂ တန်ရှိမည် ဖြစ်ကြောင်း။

ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ရာတွင် ပိဋကတ်သုံးပုံ ကျမ်းစာမြတ်များကိုပါ တစ်ပါတည်းဖူးမြော်နိုင်ရေးနှင့် ခေတ်အဆက်ဆက် မှတ်တမ်းကျန်ရှိစေရေးတို့အတွက် ဩဝါဒါဆရာတော်ကြီးများမှ ဩဝါဒပေးပါကြောင်း၊ ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများသည် ယခင်က မြန်မာအက္ခရာဖြင့်သာရှိခဲ့သဖြင့် ကမ္ဘာ၌ ပိုမိုတွင်ကျယ်စေရေး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ပါမောက္ခချုပ်ဟောင်း အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အရှင်သီလာနန္ဒာဘိဝံသ၏ လမ်းညွှန်မှုဖြင့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးငါးပါးက ကြီးကြပ်ကွပ်ကဲ၍ Romanized Language ဖြင့် ဖလှယ်ပြီး ပုံနှိပ်ထုတ်ဝေနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါ ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanized Language တို့ဖြင့် ရေးထိုးပူဇော်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

အဆိုပါ ကျောက်စာရုံများ တည်ထားနိုင်ရေးဆောင်ရွက်ရာတွင် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးအဖြစ် ဂရင်းနစ်စံချိန်တင်ထားသည့် မန္တလေးမြို့ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားရှိ ပဉ္စမသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများအားအလေးထားစံပြု၍ တည်ထားကိုးကွယ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ တည်ထားပုံအရလည်း ဗုဒ္ဓမြတ်စွာ၏နှုတ်ကပါဠ်တော်များကို ဗုဒ္ဓ၏ မျက်နှာတော်ရှေ့တွင် ထားရှိဖူးမြော်နိုင်သောပုံစံဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ဥယျာဉ်တော်ကြီးအတွင်း ရာသီမရွေးသာယာလှပစေရေးအတွက် သစ်ပင်ပန်းမန်များ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ပြည်သူအများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စိတ်လက်ကြည်သာစွာဖြင့် ဖူးမြော်နိုင်ရေးနှင့် အေးချမ်းသာယာမှုရှိစေရေးတို့အတွက် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း Powerpoint များ၊ 3D Animation များဖြင့် ရှင်းလင်းပြောကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားအား ရုပ်သိမ်းလိုက်သည်။

■ ■ ■

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ် (၄) ကျောင်းဆင်းမည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံပြောကြားသည့်အမှာစကား

( ၁၉ - ၁၁ - ၂၀၂၁ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၄) ကျောင်းဆင်းမည့် ကျောင်းသား ကျောင်းသူများကို နိုဝင်ဘာလ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ငုရွှေဝါခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီ ယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာညွန့်ဖေနှင့် ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ် (၄) ကျောင်းဆင်းမည့် ကျောင်းသား၊ ကျောင်းသူ ၇၂ ဦးတို့ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူ ၂၀၀ တို့သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမနှင့် ပင်လုံခန်းမတို့မှ Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ရည်ရွယ်ချက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် တက္ကသိုလ်၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များ ဖြစ်လာစေရန်၊ ပါတီနိုင်ငံရေးကင်းစင်ပြီး စာရိတ္တနှင့်ကိုယ်ကျင့်တရား ကောင်းမွန်သော ပညာရေးဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်

ရွက်ရာတွင် လိုအပ်သည့်ဦးဆောင်နိုင်မှု စွမ်းရည်မြှင့်တင်ရန်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအတွက် ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်ရေးကိုရှေးရှု၍သုတေသနလုပ်ငန်းများ ဆောင်ရွက်လိုသည့် စိတ်ဓာတ်မွေးမြူပေးရန်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သော လူငယ်များဖြစ်လာစေရန် စသည်တို့ပင် ဖြစ်ကြောင်း။

**စုံစုံလင်လင်ပါဝင်**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်အနေဖြင့် ယနေ့အထိ မဟာပညာရေးဘွဲ့၊ မဟာဒဿနဘွဲ့၊ ပညာရေးဘွဲ့၊ ဆရာအတတ်ပညာ ဒီပလိုမာ၊ အလယ်တန်းဆရာအတတ်သင်၊ မူလတန်းဆရာအတတ်သင်၊ အထူးမူလတန်းဆရာ အတတ်သင်၊ စုစုပေါင်း ၁၃၇၈၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းရင်းသား မျိုးနွယ်စုပေါင်း ၁၀၀ ကျော်တက်ရောက်သင်တန်းဆင်းခဲ့ကြပြီး ဖြစ်သကဲ့သို့ ယခု သင်တန်းဆင်းကြမည့် ကျောင်းသား၊ ကျောင်းသူ ၂၇၂ ဦးသည်လည်း တိုင်းရင်းသား မျိုးနွယ်စု ၄၆ မျိုးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ လူငယ်များ စုံစုံလင်လင်ပါဝင်ကြောင်း သိရသည့်အတွက် များစွာဝမ်းသာအားရ ဖြစ်မိပါကြောင်း။

ပညာရေးကဏ္ဍနှင့် သင်တန်းဆင်းသူများ၏ တာဝန်နှင့်ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အလွန်အရေးကြီးလှကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု စစ်ဆေးရာမှ ပိုးတွေ့လူနာတွေ့ရှိမှု ရာခိုင်နှုန်းများသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်များရှိ စာသင်ကျောင်းများမှအပ ကျန်မြို့နယ်များအားလုံးမှ အခြေခံပညာကျောင်းများကို နိုဝင်ဘာ ၁ ရက်မှစ၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်ပါကြောင်း၊ အခြေခံကျောင်းများ ဖွင့်လှစ်မှုရလဒ်အပေါ်မူတည်ပြီး တက္ကသိုလ်များကိုလည်း အဆင့်လိုက် စတင်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင်အဆိုပါကိစ္စများအား နားလည်သဘောပေါက်ခြင်းမရှိသည့်သူများသည် ကျောင်းများကို ပြန်မ

> မောင်တို့၊ မယ်တို့သည် လူငယ်များ
> လမ်းမှားမရောက်စေရန်၊ ပညာရေး
> တစ်ပိုင်းတစ်စဖြင့် အနာဂတ်ဘဝများ
> မပျောက်ပျက်စေရန်၊ ပညာရေးဝန်ကြီးဌာနက
> ချမှတ်ထားသည့် ကျောင်းနေအရွယ်အားလုံး
> ပညာရေးအဆင့်တိုင်း မည်သည့်ခွဲခြားမှုမျှမရှိရေး၊
> မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊
> ကျောင်းထွက်သူမရှိစေရေးဆိုသည့်
> မူဝါဒများနှင့်အညီ တိုင်းရင်းသားလူငယ်များကို
> စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်သည့်
> နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန်
> သင်ကြားလေ့ကျင့်ပြုစု
> ပျိုးထောင်ပေးကြရန်မှာကြားလို။

ဖွင့်နိုင်ရန်နှင့် ပညာရေးစနစ်ကို အနှောင့်အယှက်ဖြစ်စေရန် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

**အခွင့်အရေးတစ်ရပ်**

ပညာသင်ကြားခြင်းသည် ကလေးသူငယ်၊ လူငယ်လူရွယ်များအတွက် အခွင့်အရေးတစ်ရပ်ဖြစ်သကဲ့သို့ တာဝန်လည်းဖြစ်ကြောင်း၊ ကုလသမဂ္ဂကချမှတ်ထားသည့် ကလေးသူငယ်များအခွင့်အရေးတွင် ကျန်းမာရေးနှင့် ပညာသင်ကြားခွင့်သည် ထိပ်ဆုံးကပါဝင်ကြောင်း၊ ကျောင်းမတက်ရေး တားမြစ်ခြင်းသည် ကုလသမဂ္ဂ၏ ကလေးသူငယ်များအခွင့်အရေးကို ချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း၊ မိဘများနှင့် ဆရာ၊ ဆရာမများ အပါအဝင် တာဝန်ရှိသူများအားလုံးသည် ကျောင်းနေအရွယ် ကလေးများကို ပညာသင်ကြားခွင့်ရအောင် ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ပညာသင်ကြားရေးတွင် စာသင်ကျောင်းသည် စာပေသင်ကြားပေးသည့်နေရာ သက်သက်သာမဟုတ်ဘဲ ပညာရေး၏အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးသည့်

နေရာမျိုးဖြစ်ရန်လိုကြောင်း၊ သို့မှသာ မိမိကိုယ်မိမိ အကျိုးပြုနိုင်သည့်၊ လူမှုပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သည့်၊ နိုင်ငံတော်ကို အကျိုးပြုနိုင်သည့်၊ စိတ်ရောကိုယ်ပါ ကြံ့ခိုင်ကောင်းမွန်ကြသည့် လူကောင်းလူတော် နိုင်ငံသားကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် မောင်တို့မယ်တို့သည် လူငယ်များလမ်းမှားမရောက်စေရန်၊ ပညာရေးတစ်ပိုင်းတစ်စဖြင့် အနာဂတ်ဘဝများ မပျောက်ပျက်စေရန်၊ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် ကျောင်းနေအရွယ်အားလုံး ပညာရေးအဆင့်တိုင်း မည်သည့်ခွဲခြားမှုမျှ မရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ ကျောင်းထွက်သူမရှိစေရေးဆိုသည့်မူဝါဒများနှင့်အညီ တိုင်းရင်းသားလူငယ်များကို စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် သင်ကြားလေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန် မှာကြား လိုကြောင်း၊ နိုင်ငံတော်၏မူဝါဒသည် ပညာသင်ကြားနိုင်သူအားလုံး အခြေခံပညာအလယ်တန်းအဆင့် (KG +9) ကို တတ်မြောက်အောင်သင်ကြားရေးပင်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ကျောင်းနေသူအားလုံးသည် အနည်းဆုံး KG + 9 အထိ တက်ရောက်သင်ကြားရေး တာဝန်ရှိသူအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ တပည့်ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ကြားပေးသည့်နေရာတွင်လည်း အတန်းအောင်ရန်၊ စာမေးပွဲအောင်ရန်ထက် အမှန်တကယ်စာတတ်ရန်၊ ပညာတတ်ရန် ဆရာ့ကျင့်ဝတ်နှင့်အညီ သင်ကြားပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**အသိပညာပေး**

ထို့ပြင် မိမိတို့တပည့် ကျောင်းသား၊ကျောင်းသူများကို ကျန်းမာကြံ့ခိုင်သည့် လူငယ်များဖြစ်လာစေရန် ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားပေးကြရန်လည်း လိုအပ်ကြောင်း၊ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားခြင်းသည် နိုင်ငံ၏အနာဂတ်အတွက် အကောင်းဆုံး အာမခံချက်ပင်ဖြစ်ကြောင်း၊ ယခုအချိန်၌ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်တွေ့နေရသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ရောဂါကာကွယ်ရေးအတွက် လုပ်ငန်းလမ်းညွှန်များကို တိတိကျကျလိုက်နာကြရန်၊ အသိပညာပေးကြရန်လိုအပ်ကြောင်း။

နိုင်ငံ၏အနာဂတ်လုပရန်အတွက် လူငယ်များသည် ကိုယ်ကျန်းမာရုံ သာမက စိတ်ကျန်းမာရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် မောင်တို့ မယ်တို့အနေဖြင့် မိမိတို့၏ တပည့်ကျောင်းသား လူငယ်လေးများကို ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များဖြစ်စေရန် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန် အလေးအနက် မှာကြားလိုကြောင်း။

**ပါဝင်ဆောင်ရွက်ခဲ့ရ**

တပ်မတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုကဏ္ဍနှင့်ပတ်သက်၍ ပြောကြားရာတွင် မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်နှင့် စုစည်းတည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ပြည်ထောင်စုအတွင်း၌ အေးအတူပူအမျှ စည်းစည်းလုံးလုံးညီညီညွတ်ညွတ် နေထိုင်ခဲ့ကြကြောင်း၊ ထိုသို့နေထိုင်ကြရင်းဖြင့် နယ်ချဲ့လက်အောက်ကို ကျရောက်သွားသည့်အချိန်တွင် ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် မိမိတို့ တိုင်းရင်းသားများအားလုံး အတူတကွ လက်တွဲတိုက်ပွဲဝင်ခဲ့ကြကြောင်း၊ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့် ယှဉ်တွဲပေါ်ပေါက်လာသည့် တပ်မတော်သည် လွတ်လပ်ရေးရပြီးနောက်ပိုင်း သမိုင်းကြောင်း၏ တောင်းဆိုမှုအခြေအနေများနှင့် အမျိုးသားရေးလိုအပ်ချက်များအရ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် မလွှဲမရှောင်သာသည့် အခြေအနေများကြောင့် ပါဝင်ဆောင်ရွက်ခဲ့ရသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ပြီးခဲ့သည့်အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများနှင့် တစ်ပါတီအာဏာရှင်စနစ် တည်ဆောက်ရန်အဓမ္မဆောင်ရွက်ခဲ့ပြီး စစ်မှန်သည့်ဒီမိုကရေစီလမ်းကြောင်းမှသွေဖည်သည့်အခြေအနေများနှင့် နိုင်ငံတော်အတွက် အန္တရာယ်ကျရောက်နိုင်မည့်အခြေအနေများ ပေါ်ပေါက်လာခဲ့သည်ကို မောင်တို့မယ်တို့အသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်ကိုအရေးပေါ်အခြေအနေ ကြေညာပြီး စစ်မှန်သည့်ဒီမိုကရေစီနိုင်ငံတော်ကို ပြန်လည်တည်ဆောက်နိုင်ရေးအတွက် တာဝန်ပေးအပ်လာခြင်းကြောင့် တပ်မတော်က ကြားကာလအခြေအနေကို ယာယီထိန်း

သိမ်းပေးနေခြင်းဖြစ်ကြောင်း။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရည်မှန်းချက်နှင့်ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ရယူခဲ့သည့်အချိန်ကစပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ချမှတ်၍ နိုင်ငံတော်အတွက် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးဦးတည်ချက်နံပါတ် (၁) တွင် “စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး” ဟု ချမှတ်ထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်စစ်မှန်သည့် ဒီမိုကရေစီလမ်းကြောင်းဖြစ်ပေါ်လာရေးအတွက် တပ်မတော်အနေနှင့် ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချထားပြီးဖြစ်သည်ကို အလေးအနက်ထားပြောကြားလိုကြောင်း၊ ထိုသို့စစ်မှန်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည် ဆောက်နိုင်ရန် တပ်မတော်နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဖက်အဖွဲ့အစည်းများအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ မျှော်မှန်းသည့်ပန်းတိုင်ကို အချိန်တိုအတွင်း အောင်အောင်မြင်မြင် ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။

ထိုပန်းတိုင်သို့ ရောက်ရှိရန် အဓိကကျသည့် အချက်မှာ မိမိတို့တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးပင်ဖြစ်ကြောင်း၊ ယခုလတ်တလောအခြေအနေတွင် ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ သဘောထားကွဲလွဲသည့် အချို့အဖွဲ့အစည်းများ၏ ခြေထိုးမှုများ၊ CRPH, NUG, PDF အစရှိသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးဆောင်စည်းရုံးမှုနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသအချို့တွင်ရှိသည့် ပြည်သူလူထုအကြား အသိအမြင်များမှားပြီး ညီညွတ်မှုများပြိုကွဲကာ မငြိမ်းမချမ်းဖြစ်နေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ကြမည့် ဆရာ၊ ဆရာမလေးများဖြစ်သည့်အတွက် မိမိကိုယ်တိုင်က နိုင်ငံ့သားကောင်းစိတ်ဓာတ်မွေးမြူထားရှိရန်လိုသကဲ့သို့ မိမိတို့တပည့်ကျောင်းသား၊ ကျောင်းသူများကိုလည်း နိုင်ငံ့သားကောင်း (Good Citizen)များ ဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း၊ နိုင်ငံ့သားကောင်းဆိုသည်မှာ မိမိနေထိုင်သည့် လူ့ဘောင်အဖွဲ့အစည်းအကျိုးစီးပွားအတွက် နိုင်ငံသားများထမ်းဆောင်ရမည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နိုင်ရန် တတ်စွမ်းသမျှ ကြိုးစားသည့် နိုင်ငံသားများကိုဆိုလိုခြင်းဖြစ်ကြောင်း။

နိုင်ငံ့သားကောင်းဆိုင်ရာနှင့် လူ့စွမ်းအားအရင်းအမြစ်နှင့်ပတ်သက်၍ ပြောကြားရာတွင် ထို့ပြင် မိမိတို့တာဝန်ကျရာဒေသများမှ တိုင်းရင်းသားလူငယ်များကို နိုင်ငံက အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်လည်း မှာကြားလိုကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံအတွင်းတွင်ရှိသည့် ငွေကြေးအင်အား၊ ရုပ်ဝတ္ထုအင်အားနှင့် လူ့အရင်းအမြစ်အင်အားဆိုသည့် အရင်းအမြစ်သုံးခုကို ထိထိရောက်ရောက် စုစည်းအသုံးပြုရမည်ဖြစ်ကြောင်း၊ အဆိုပါအရင်းအမြစ်သုံးခုတွင် အဓိကအကျဆုံးမှာ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် လူ့စွမ်းအားအရင်းအမြစ်များ ကြွယ်ဝသည့်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ခန့်မှန်းတွက်ချက်ထားမှုများအရ ၂၀၂၁ ခုနှစ် ခန့်မှန်းလူဦးရေ၏ အသက်

**နိုင်ငံတည်ငြိမ်အေးချမ်းမှ**
**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်၊**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်**
**နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို**
**စတင်ထမ်းဆောင်ခဲ့သည့်အချိန်ကစပြီး**
**တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက်**
**မျှော်မှန်းဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံရေးဦးတည်ချက်**
**သည်လည်း “တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေး**
**ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု**
**ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း**
**အလေးထားလုပ်ဆောင်ရေး” ဆိုသည့်အချက်ကို**
**ထည့်သွင်းချမှတ်ထားခြင်းဖြစ်။**

၁၅ နှစ်မှ ၃၅ နှစ် အတွင်း ရှိနိုင်မည့်လူဦးရေကို ၁၈ သန်းကျော်ခန့်ဟု ခန့်မှန်းတွက်ချက်ထားသည့်အတွက် နိုင်ငံ့လူဦးရေ၏ ၃၃ ရာခိုင်နှုန်းခန့်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယင်းလူ့စွမ်းအားအရင်းအမြစ်များသည် အရည်အချင်းပြည့်ဝပြီး နိုင်ငံသားကောင်းစိတ်ဓာတ်နှင့် နိုင်ငံ့အကျိုးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုပါကနိုင်ငံသည် အလျင်အမြန်တိုးတက်လာမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များကို အဓိကလေ့ကျင့်ပျိုးထောင်ပေးရမည်မှာ မောင်တို့မယ်တို့ပညာရေးဝန်ထမ်းများပင်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးသည်လည်း အလွန်အရေးကြီးကြောင်း၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှု မျှတမှုရှိမှသာ ယုံကြည်မှုပိုမိုတိုးတက်ခိုင်မာလာမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်ခဲ့သည့်အချိန်ကစပြီး တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် မျှော်မှန်းဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံရေးဦးတည်ချက်သည်လည်း "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး" ဆိုသည့် အချက်ကိုထည့်သွင်းချမှတ်ထားခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးငြိမ်းချမ်းမှ မိမိတို့တိုင်းရင်းသားများ မျှော်မှန်းသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံသားတိုင်းတွင် ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးကြောင်း၊ "ပြည်ထောင်စုစိတ်ဓာတ်" ဆိုသည်မှာ ပြည်ထောင်စုကြီးတစ်ခုလုံးကို မိသားစုတစ်စုတည်း၊ အိမ်ထောင်စုတစ်ခုတည်းဟု စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသည့် သဘောထားခံယူချက်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုသားအချင်းချင်း တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီလိုခြင်း၊ အခက်အခဲတွေ့ကြုံလျှင် ကူညီဖြေရှင်းပေးလိုခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်လိုခြင်း၊ အချင်းချင်း စာနာထောက်ထားခြင်းနှင့် နားလည်သည်းခံတတ်ခြင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ်၏ ကောင်းမြတ်သည့် အခြေခံကောင်းများဖြစ်၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် အထူးအလေးထားမှာကြားလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းကောင်းဆိုင်ရာနှင့်ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားအတွက် ခေတ်စနစ်နှင့် လျော်ညီစွာ အကောင်အထည်ဖော်ကြရမည့်သူများဖြစ်ကြောင်း၊ ထို့ကြောင့် မောင်တို့၊ မယ်တို့အနေဖြင့် ပါတီနိုင်ငံရေးကင်းစင်ပြီး ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်



ရှောက်ကာ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရန် လိုအပ်ကြောင်း၊ “ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်” ဆိုသည့် ဆောင်ပုဒ်အတိုင်း ဝန်ထမ်းကောင်းများရှိမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မောင်တို့၊ မယ်တို့သည် နိုင်ငံတော်က ပြုစုပျိုးထောင်ထားသည့် သားသမီးများပီသစွာ နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိပြီး နိုင်ငံတော်က မျှော်မှန်းထားသည့်အတိုင်း မိမိတို့တာဝန်ကျရာနယ်စပ်ဒေသတွင်ရှိသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ထမ်းဆောင်ကြရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားများအကြား ထွန်းကားပြန့်ပွားအောင်လည်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

**စည်းရုံးဦးဆောင်**

ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ပွားများဖြစ်ထွန်းလာအောင် စည်းရုံးဦးဆောင်ပေးကြရန်၊ မိမိတို့တာဝန်ကျရာ ရပ်ရွာဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်း အမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန်၊ ပါတီနိုင်ငံရေးကင်းရှင်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားရန် တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုများနှင့် တာဝန်ကျေပွန်အောင်ထမ်းဆောင်သွားကြရန်၊ ပညာတတ်သည့် မျိုးဆက်နှင့် တိုးတက်သည့် နိုင်ငံတော်ကို ထူထောင်နိုင်ရေးသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက်တာဝန်ထမ်းရွက်သည့် နိုင်ငံ့သားကောင်းရတနာများဖြစ်ကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၁)တွင် ပြောကြားသည့်အမှာစကား

( ၂၃ - ၁၁ - ၂၀၂၁ )




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၁) အား နိုဝင်ဘာလ ၂၃ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမဥ္စကျင်းပရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွှန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်တွင် ဖြစ်ပွားနေသည့် အကြမ်းဖက်၊ လုယက်၊ တိုက်ခိုက်သတ်ဖြတ်မှုများ ဖြစ်ပေါ်ရသည့် အဓိကအကြောင်းအရင်းများ၊ တရားမဝင်အဖွဲ့အစည်းများဖြစ်သော NUG၊ CRPH နှင့် PDF အကြမ်းဖက်အဖွဲ့များက လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်၊ လုယက်တိုက်ခိုက်သတ်ဖြတ်ခြင်းများ ဆောင်ရွက်နေမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များမှတာဝန်ရှိသူများပူးပေါင်း၍ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေမှု၊ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေသူများနှင့် လက်နက်ခဲယမ်းများအား ဖော်ထုတ်ဖမ်းဆီးရမိမှု၊ ထိုသို့ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများအား အသိအမှတ်ပြုမှု၊ မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နေမှု၊ မိမိတို့အနေဖြင့် ပြည်သူများ၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်ရေး ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပေါ်ခဲ့ခြင်းနှင့် ပြီးခဲ့သည့်အစိုးရအဖွဲ့မှ တာဝန်ရှိသူအချို့၏ အဂတိလိုက်စားခဲ့မှုများအား ဖော်ထုတ်အရေးယူဆောင်ရွက်နေမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ဦးတည်ချက် (၅) ရပ်အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်နေမှု၊ နိုင်ငံတော်အတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းများ ဆောင်ရွက်ရာတွင် အများပြည်သူများ သိရှိနားလည် လိုက်နာနိုင်စေရေးအတွက် ဘက်ပေါင်းစုံမှစဉ်းစား၍ လေးလေးနက်နက်စဉ်းစားဆောင်ရွက်ရန်လိုအပ်မှု အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍရပ်များနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

■ ■ ■

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

## ( ၂၄ - ၁၁ - ၂၀၂၁ )




မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားကို နိုဝင်ဘာလ ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သဘင်ဆောင်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူ–မောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

**ကတိသစ္စာပြု**

ဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် အဖြစ် ရွေးချယ်တင်မြှောက်ခံရသည့်ပုဂ္ဂိုလ်များ ကတိသစ္စာပြုသည့်နေ့ဖြစ်သည့်အတွက် သတင်းမီဒီယာလောကအတွက်သာမက နိုင်ငံတော်အတွက်ပါ ထူးခြားလေးနက်သောနေ့တစ်နေ့ဖြစ်ကြောင်း၊ သတင်းမီဒီယာကောင်စီကို ဒီမိုကရေစီနိုင်ငံအများစုတွင် အသွင်အမျိုးမျိုးဖြင့် တွေ့မြင်ကြရမည်ဖြစ်ပြီး မီဒီယာလောကဖွံ့ဖြိုးတိုးတက်ရေးနှင့် စာနယ်ဇင်းလွတ်လပ်ခွင့်၏ အင်္ဂါရပ်တစ်ခုဟု ပြောကြရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ သတင်းမီဒီယာကောင်စီများကို ဖွဲ့စည်းကြရသည့် ရည်ရွယ်ချက်ကို ပြန်လည်ဆန်းစစ် ကြည့်မည်ဆိုပါက သတင်းမီဒီယာလွတ်လပ်ခွင့်များကို ကာကွယ်ပေးရန်နှင့် သတင်း မီဒီယာသမားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ပေးရန် ဖြစ်သည်ဟု ယေဘုယျအားဖြင့် နားလည်ထားကြပါကြောင်း၊ အမှန်တကယ်တွင် သတင်းမီဒီယာကောင်စီ ဖွဲ့စည်းရသည့် ရည်ရွယ်ချက်သည် သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့်

မိမိတို့နိုင်ငံသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နေသည့် နိုင်ငံဖြစ်သည်နှင့်အညီ သတင်းမီဒီယာ၏ အခန်းကဏ္ဍကို အထူးပင်အလေးထားပါကြောင်း၊ ထို့ကြောင့်လည်း ပြည်သူကရွေးချယ်တင်မြှောက်သည့် ဒီမိုကရေစီအစိုးရ ပထမ သက်တမ်းကာလ ၂၀၁၄ ခုနှစ်တွင် စာနယ်ဇင်းလောက ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းမီဒီယာဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါကြောင်း၊ အဆိုပါသတင်းမီဒီယာဥပဒေ၏ ရည်ရွယ် ချက်ထဲတွင် "သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာရပ်တည်နိုင်စေရန်"ဟု အတိအလင်းဖော်ပြထားသည်ကိုကြည့်ပါက နိုင်ငံတော်၏သတင်းမီဒီယာလောကအပေါ် လေးစားတန်ဖိုးထားမှု၊ ယုံကြည်အားကိုးမှု အတိုင်းအတာကို သိရှိ နားလည်နိုင်မည်ဖြစ်ပါကြောင်း။

မိမိကိုယ်တိုင်လည်း မီဒီယာ၏အခန်းကဏ္ဍကို အထူးစိတ်ဝင်စားသကဲ့သို့ မီဒီယာကဏ္ဍတိုးတက်မြင့်မားရေးနှင့် ပတ်သက်လျှင်လည်း တတ်နိုင်သည့်ကိစ္စရပ်များအားလုံး ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ခြင်းများရှိပါကြောင်း၊ သတင်းမီဒီယာလောကကို သတင်းမီဒီယာကျင့်ဝတ်များနှင့်အညီ ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုစေရန်၊ သတင်းနှင့်မီဒီယာအခန်းကဏ္ဍဆိုင်ရာ နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်စေရန်၊ မြန်မာ့မီဒီယာလောကသည် နိုင်ငံတကာစံနှုန်း၊ ကျင့်ဝတ်များနှင့်အညီ ခေတ်မီ မီဒီယာနည်းပညာများကိုသင်ယူလေ့လာနိုင်ခွင့်ရရှိစေရန်အတွက် ဆက်လက်ကြိုးပမ်းဖြည့်ဆည်းပေးသွားမည်ဟု ပြောကြားလိုပါကြောင်း။

## တိုးတက်အောင်ဆောင်ရွက်ပေး

နိုင်ငံတစ်နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာသည် ဒီမိုကရေစီစနစ်အတွက် ဖော်ထုတ်ရေးသားပြောဆိုခွင့်ကို တိုးမြှင့်ဆောင်ရွက်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍကပါဝင်ရုံသာမက ပြည်သူတစ်ဦးချင်းစီအတွက် သိသင့်သိထိုက်သင့်သည့် ဗဟုသုတအချက်အလက်များ ဖြန့်ဝေပေးခြင်းအားဖြင့် အစိုးရ၏ပွင့်လင်းမြင်သာမှုကိုတိုးတက်အောင်ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ မီဒီယာသမားများ၏ဗဟုသုတကြွယ်ဝမှုသည်လည်း အရေးကြီးပါကြောင်း။

ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ သမိုင်းကြောင်း အပါအဝင် နိုင်ငံ၏အခြေအနေအရပ်ရပ်၊ ကမ္ဘာ့အခြေအနေ

သတင်းမီဒီယာသမားများ၏ အကျိုးစီးပွားအတွက်သာမက ပြည်သူများ၏ အကျိုးစီးပွားနှင့် အခွင့်အရေးများကို ပါအကာအကွယ်ပေးရန် ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာသမားများ သတင်းအချက်အလက် လွတ်လပ်စွာ ရယူဖြန့်ဖြူးခွင့် ရရှိရန်အတွက် ကူညီဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ မှန်ကန်တိကျသည့် သတင်းအချက်အလက်များကို ပြည်သူများ ရရှိရေးအတွက်လည်း ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသည်ဟု အသိပေးပြောကြားလိုပါကြောင်း။

## စတုတ္ထမဏ္ဍိုင်

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံသားပြည်သူများအတွက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်ဆိုသည့် မဏ္ဍိုင်ကြီး (၃) ရပ်သည် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို တည့်တည့်မတ်မတ် ရေးရှု ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယင်းမဏ္ဍိုင်ကြီး(၃)ရပ် အစဉ်အမြဲတည့်မတ် နေစေရေးအတွက် အရည်အချင်းပြည့်ဝပြီး သမာသမတ်ရှိသည့် မီဒီယာအားလုံးက စောင့်ကြပ်ကြည့်ရှု၍ စေတနာမှန်မှန်ဖြင့် ထောက်ပြခြင်း၊ ဝေဖန်ခြင်း၊ အကြံပြုခြင်း စသည်များနှင့် မူလမဏ္ဍိုင်ကြီး(၃)ရပ် မယိမ်းမယိုင်ရအောင် ကျားကန်ထောက်မ ပေးနေရမည်ဖြစ်ပါကြောင်း၊ ယင်းသည် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာများ၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်စဉ်ကတည်းက မီဒီယာကို တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်အဖြစ် အသိအမှတ်ပြုကြောင်း မကြာခဏ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ပါကြောင်း။

## တိုးမြှင့်ဆောင်ရွက်ပေးခဲ့

မိမိတို့အနေဖြင့် သတင်းမီဒီယာကောင်စီ၏ အခန်းကဏ္ဍကို အလေးထားသကဲ့သို့ သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဆန္ဒပြင်းပြသည်ဆိုသည်ကို မိမိနှင့် သတင်းမီဒီယာကောင်စီတို့ တွေ့ဆုံခဲ့မှုများကို ပြန်ကြည့်လျှင် သိမြင်နိုင်မည် ဖြစ်ပါကြောင်း၊ ပြန်လည်အမှတ်ရအောင် ပြောကြားရမည်ဆိုပါက သတင်းမီဒီယာကောင်စီနှင့် ၂၀၁၄ ခုနှစ်တွင် နှစ်ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် သုံးကြိမ်၊ ၂၀၁၆ ခုနှစ်တွင် နှစ်ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် နှစ်ကြိမ်တွေ့ဆုံခဲ့ပြီး တပ်မတော်နှင့် သတင်းမီဒီယာ သမားများဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

**သတင်းမီဒီယာလုပ်ငန်း၊ စာနယ်ဇင်းလုပ်ငန်းများသည် လူတစ်စုအတွက်၊ အဖွဲ့အစည်းတစ်ခုအတွက် မဖြစ်စေရဘဲ တစ်မျိုးသားလုံးအကျိုး၊ နိုင်ငံတော်အကျိုးအတွက်သာ ဖြစ်စေရမည်ဖြစ်၊ စာနယ်ဇင်းသမား တစ်ဦးချင်း၏ ပုဂ္ဂလဓိဋ္ဌာန်ဖြစ်ပေါ်မှုများမှ ဓမ္မဓိဋ္ဌာန်ဖြစ်မှုကို ပြောင်းလဲ လုပ်ဆောင်သွားကြရန် အထူးလိုအပ်။**

အရပ်ရပ်များကို သိရှိနားလည်ထားမည်ဆိုပါက မိမိလုပ်ငန်းအတွက် များစွာအထောက်အကူရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖတ်ရှုလေ့လာမှတ်သားခြင်းများ အမြဲပြုလုပ်နေရန်လိုပါကြောင်း၊ ထိုသို့လုပ်ဆောင်မှသာလျှင် ပြည်သူကို မျှဝေနိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင်လည်း လူမျိုးစွဲ၊ ဝါဒစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမရှိဘဲ၊ နိုင်ငံရေးဝါဒမှိုင်းမမိဘဲ သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရပ်တည်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်မှသာ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က ယုံကြည်လေးစားအားကိုးရသည့် သတင်းမီဒီယာသမားများ အဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း။

သို့သော် မျက်မှောက်ကာလ၌တွေ့ရှိနေရသည်မှာ ပဋိပက္ခများ၊ သဘောထား ကွဲပြားမှုများကို ပြေလျော့သွားအောင် လုပ်ရမည့်အစား မီးလောင်ရာလေပင့်သကဲ့သို့ ပိုမိုအားကောင်းလာအောင် လုပ်ပေးနေကြပါကြောင်း၊ ယင်းအခြေအနေမျိုးကို ဒီမိုကရေစီအသွင်ကူးပြောင်းစနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အများအပြား တွေ့မြင်နေကြရပါကြောင်း။

## ထိန်းကျောင်းပြုပြင်

သတင်းမီဒီယာသမားများသည် သတင်းအချက်အလက်ကိုအခြေခံပြီး အမှန်တရားကို ဖော်ထုတ်သူများ ဖြစ်ရမည်ဖြစ်ပါကြောင်း၊ သတင်းစာဆရာကြီး ဦးထွန်းဖေက စစ်မှန်သည့် သတင်းမီဒီယာသမား၊ တာဝန်သိသည့် သတင်းမီဒီယာသမားများကို တိုင်းပြည်၏ ကြီးလေးသောတာဝန်ကို ထမ်းဆောင်နေကြသည့် "ပြည်ကြီးပုခုံး" "ပြည်ကြီးမျက်လုံး" များဖြစ်သည်ဟု ပြောကြားခဲ့ပါကြောင်း၊ ယနေ့အချိန်တွင် ယင်းကဲ့သို့စစ်မှန်မှုမရှိဘဲ ဘက်လိုက်ရေးသားသည့် သတင်းမီဒီယာသမားများ၊ ကျင့်ဝတ်သိက္ခာမဲ့သည့် သတင်းမီဒီယာသမားများ၊ နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွားကိုမကြည့်ဘဲ တိုင်းတစ်ပါး၏ကြိုးဆွဲရာ ရေးသားဖော်ပြနေသည့် မီဒီယာသမားများ များစွာရှိနေသည့် အတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် လိုအပ်သလို ထိန်းကျောင်းပြုပြင်ဆောင်ရွက်ပေးရန်မှာကြားလိုပါကြောင်း။

အခါအခွင့်သင့်သဖြင့် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်ကို အနည်းငယ်ပြောကြားလိုပါကြောင်း၊ အားလုံးသိကြသည့်အတိုင်း လွန်ခဲ့သည့်ဆယ်နှစ်ကျော်ခန့်က တပ်မတော်က ဦးစီးဦးဆောင်ပြုပြီး ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ ကူးပြောင်းပေးခဲ့သကဲ့သို့ ဒီမိုကရေစီစနစ်နှင့် လိုက်ဖက်မည့် အင်စတီကျူးရှင်း များကိုလည်း စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို ကူးပြောင်းခဲ့ပြီးဖြစ်သည်ဟု ဆိုနိုင်သော်လည်း အများစုသည် ဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု (Democratization)ကို ကွဲကွဲပြားပြား နားလည်သိရှိရန် လိုအပ်နေပါကြောင်း။

ဒီမိုကရေစီဆိုသည်မှာ ပြည်သူလူထုအုပ်ချုပ်သည့် စနစ်ဟု အလွယ်ပြောနိုင်သော်လည်း ယင်းစနစ်ကိုကျင့်သုံးဆောင်ရွက်ရန်အတွက် Democratization ဟု ခေါ်သည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို စနစ်တကျ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ဗဟိုဦးစီးအုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းကြသည့်အခါ ချက်ချင်းလက်ငင်း ပြီးပြီးရောပြောင်းလဲပေး၍မရဘဲ အဆင့်ဆင့်ကူးပြောင်းရသည်ကို Democratization ဟု ခေါ်ဆိုကြခြင်းဖြစ်ပါကြောင်း။

**အခြေခံစဉ်းစား**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် Democratization ပုံစံမျိုးစုံရှိကြသော်လည်း မိမိတို့နိုင်ငံ၏ ကူးပြောင်းမှုပုံစံသည် တိုင်းပြည်၏ပကတိအခြေအနေနှင့် လူမှုစီးပွားဖြစ်ထွန်းမှုများ၊ သမိုင်းကြောင်းတစ်လျှောက် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဓလေ့ဖွံ့ဖြိုးမှုများအပေါ်တွင် အခြေခံစဉ်းစားပြီး နိုင်ငံ၏ပကတိအခြေအနေနှင့်ကိုက်ညီပြီး ပြည်သူလူထု၏

ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကူးပြောင်းပေးခဲ့သည့်ဖြစ်စဉ်ကြီးဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးလုပ်ငန်းစဉ်များအတွက် မပျက်မကွက် လိုက်နာဆောင်ရွက်ရမည့် အသက်ခန္ဓာကြီးတစ်ခုဖြစ်သည်ဆိုသည်ကို နိုင်ငံရေးတွင်ပါဝင်ပတ်သက်ကြသည့် ပုဂ္ဂိုလ်များအားလုံး သိရှိထားကြပြီးဖြစ်ပါကြောင်း။

ယနေ့အချိန်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာပြီး နိုင်ငံတော်၏တာဝန် အရပ်ရပ်ကို တပ်မတော်အား လွှဲအပ်တာဝန်ပေးချက်အရ တာဝန်ယူဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းရယူပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်လုပ်ဆောင်နေပါကြောင်း၊ ယင်းလုပ်ငန်းစဉ်(၅)ရပ်သည် မိမိတို့နိုင်ငံ၏အခြေအနေ အချိန်အခါနှင့်ကိုက်ညီသည့် လုပ်ငန်းစဉ်များဖြစ်သည့်အတွက် အောင်မြင်အောင်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်သည်ကိုလည်း အသိပေးပြောကြားလိုပါကြောင်း။

ထို့အပြင် တပ်မတော်အနေဖြင့် နိုင်ငံတော်ကို တရားမျှတသော၊ ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်တစ်ခုဖြစ်အောင် ဝိုင်းဝန်းထူထောင် ဆောင်ရွက်ပေးနေချိန်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့အခြေအနေတွင် ပြည်ပပယောဂ အနှောင့်အယှက်များ ကင်းရှင်းစေရန်နှင့် ပြည်တွင်းနိုင်ငံရေးဖြစ်စဉ်များကို တရားဥပဒေဘောင်အတွင်းက အေးချမ်းတည်ငြိမ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ဆူပူအုံကြွမှုများကိုဖန်တီးပြီး အကြမ်းဖက်လမ်းစဉ်များဖြင့် တိုင်းဖျက် ပြည်ဖျက်ဆောင်ရွက်နေမှုများကိုလည်း ဝိုင်းဝန်းဆန့်ကျင် ဟန့်တားပေးကြရန် လိုအပ်သည်ဟု ပြောကြားလိုပါကြောင်း။

သတင်းမီဒီယာဥပဒေပါ သတင်းမီဒီယာကောင်စီ၏ အဓိကလုပ်ငန်းစဉ်များကို ပြန်ကြည့်မည်ဆိုပါက ဥပဒေနှင့်အညီ လွတ်လပ်စွာရေးသားဖြန့်ချိခွင့်၊ ထုတ်လွှင့်ရရှိရေးကို ဆောင်ရွက်ပေးခြင်း၊ သတင်းမီဒီယာသမားများ လိုက်နာရမည့်တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းနှင့် ကျင့်စဉ်များကို လိုက်နာခြင်းမရှိသော စာနယ်ဇင်းသမားများအား အငြင်းပွားမှုနှင့် တိုင်ကြားမှုညှိနှိုင်းဖြေရှင်းရေး ကော်မတီက သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိ စိစစ်ခြင်း၊ ကောင်စီဝင်အားလုံး တက်ရောက်သော နှစ်ပတ်လည်အစည်းအဝေး အစီရင်ခံစာ ပြုစုခြင်း၊ ဘဏ္ဍာရေးကိစ္စညှိနှိုင်းခြင်းတို့ကိုပြုလုပ်ပြီး နိုင်ငံတော်အကြီးအကဲထံ အစီရင်ခံစာတင်ပြခြင်း၊ ကောင်စီဝင်အားလုံးပါဝင်သော အစည်းအဝေးကို အနည်းဆုံးနှစ်လတစ်ကြိမ် ကျင်းပခြင်း ဟူသည့်အချက်များကို တွေ့ကြရမည်ဖြစ်ပါကြောင်း။

ယခုဖွဲ့စည်းထားသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတွင် စာနယ်ဇင်းဆိုင်ရာနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ တတ်သိပညာရှင်များ ပါဝင်ကြသည့်အတွက် သတင်း၊ သတင်းမီဒီယာလောကအကျိုး၊ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို အောင်မြင်အောင် ဖော်ဆောင်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။

မိမိအနေဖြင့်မှာကြားလိုသည်မှာ သတင်းမီဒီယာလုပ်ငန်း၊ စာနယ်ဇင်းလုပ်ငန်း များသည် လူတစ်စုအတွက်၊ အဖွဲ့အစည်းတစ်ခုအတွက် မဖြစ်စေရဘဲ တစ်မျိုးသားလုံးအကျိုး၊ နိုင်ငံတော်အကျိုးအတွက်သာ ဖြစ်စေရမည်ဖြစ်ပါကြောင်း၊ စာနယ်ဇင်းသမားတစ်ဦးချင်း၏ ပုဂ္ဂလဓိဋ္ဌာန်ဖြစ်ပေါ်မှုများမှ ဓမ္မဓိဋ္ဌာန်ဖြစ်မှုကို ပြောင်းလဲလုပ်ဆောင်သွားကြရန် အထူးလိုအပ်လှပါကြောင်း။

**အကျိုးရှိစွာ အသုံးပြု**

ယနေ့ခေတ်တွင် မီဒီယာကဏ္ဍကိုပြောမည်ဆိုပါက သမားရိုးကျမီဒီယာ (Traditional Media) ဟုပြောရမည်ဖြစ်သည့် ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ အပါအဝင် ပုံနှိပ်မီဒီယာများသာမက မီဒီယာအသစ်(New Media)ဟု ခေါ်နေကြသည့် လူမှုမီဒီယာကွန်ရက်(Social Media)များ၏ အချိန်တိုအတွင်း၌ တွင်တွင်ကျယ်ကျယ် ထိရောက်ပျံ့နှံ့လာမှုကိုလည်း အကျိုးရှိစွာအသုံးပြုနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများကို ဒီမိုကရေစီနှင့်ပတ်သက်သည့် အသိပညာများ၊ အတွေးအခေါ်များ ရှိစေရန်နှင့် လူငယ်လူရွယ်အားလုံး ပညာရေးလမ်းကြောင်းပေါ်တွင် ကောင်းမွန်မှန်ကန်စွာရပ်တည်နိုင်ပြီး ခေတ်ပညာတတ်လူငယ်များဖြစ်အောင် ဆောင်ရွက်ကြရာတွင် မီဒီယာများ၏ပံ့ပိုးမှု၊ စေ့ဆော်မှု၊ တိုက်တွန်းမှု၊ လမ်းညွှန်ပြသမှုများသည် ထိရောက်သည့်အခန်းကဏ္ဍတွင် ပါဝင်နေသည်ကို အသိပေးပြောကြားလိုပါကြောင်း၊ ယနေ့အချိန်အခါ

တွင် လူငယ်များအားလုံး ပညာတတ်ဖြစ်စေရေးသည် နိုင်ငံအတွက် အထူးအရေးကြီးသည့် အချိန်ဖြစ်သည်ဟု ပြောလိုပါကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများအနေဖြင့် ပစ္စုပ္ပန်ကာလတွင် နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေး၊ ပြည်သူများ၏ လူမှုအကျိုးစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မီဒီယာ၏အခန်းကဏ္ဍသည် အဓိကထောက်တိုင်ကြီးတစ်ခုဖြစ်နေသကဲ့သို့ အနာဂတ်နိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရေးအတွက် အနာဂတ်ကို ဦးဆောင်မည့် မျိုးဆက်များကို မှန်ကန်သည့်အသိအမြင်၊ အတွေးအခေါ်များရှိသည့် ပညာတတ်မျိုးဆက်များအဖြစ် ပြုစုပျိုးထောင်ပေးနိုင်ရေးသည်လည်း ပဓာနကျသည့်မဏ္ဍိုင်ကြီးတစ်ခုဖြစ်နေသည်ဟု ပြောကြားလိုပါကြောင်း။

သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကြီး အားကောင်းမောင်းသန်နေရန်လိုအပ်ပါကြောင်း၊ သတင်းမီဒီယာကောင်စီတည်ရှိနေခြင်းသည် သတင်းမီဒီယာသမားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွား၊ ပြည်သူလူထု၏ အခွင့်အရေးနှင့်အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရန်ဖြစ်သည့်အတွက် ကျင့်ဝတ်သိက္ခာစောင့်ထိန်းပြီး နိုင်ငံနှင့်ပြည်သူအကျိုးကိုဦးထိပ်ထားသည့် သတင်းမီဒီယာလောကဖြစ်ပေါ်လာအောင် ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး အမှီအခိုကင်းကင်း၊ အနှောင်အဖွဲ့ကင်းကင်း၊ အရောင်အသွေးကင်းကင်းနှင့် သတင်းမီဒီယာလောက အကျိုးကိုဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ သတင်းတု၊ သတင်းမှားများ၊ အမုန်းစကားများ၊ ကောလာဟလများ ထုတ်လွှင့်ပြီး တိုင်းပြည်မငြိမ်သက်စေရန်၊ ဆူပူအုံကြွစေရန် သွေးထိုးလှုံ့ဆော်ထုတ်လွှင့်မှုများ မပြုလုပ်ကြရေး ဝိုင်းဝန်းဆန့်ကျင်တားမြစ်ပေးကြရမည်ဖြစ်ကြောင်း၊ ကျင့်ဝတ်သိက္ခာစောင့်စည်းပေးရန်နှင့် စည်းကမ်းဥပဒေလိုက်နာဆောင်ရွက်ရန် ကြပ်မတ်ထိန်းကျောင်းပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၂၁) တွင် ပြောကြားသည့် မိန့်ခွန်း

## ( ၂၆ - ၁၁ - ၂၀၂၁ )



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၂၁) ဒုတိယနေ့ကို နိုဝင်ဘာလ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရှိ ညီလာခံ ခန်းမ၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့နာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ကောင်စီအတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း (အငြိမ်းစား)နှင့်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ် ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၂၁) သို့ တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့အသီးသီးမှ တာဝန်ရှိသူများက Video Conferencing ဖြင့်တက်ရောက်ကြသည်။

**တပ်မတော်အရန်အင်အား**

ဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ နာယက၊

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို ဒို့တာဝန်အရေးသုံးပါးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏အရန်အင်အားအဖြစ် ပါဝင်ဆောင်ရွက်ရန်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အပြန်အလှန်အကူအညီပေးရန်နှင့် နိုင်ငံတော်အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်ဟူသည့် ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စစ်မှုထမ်းဟောင်းအဖွဲ့များ၊ မြို့နယ်အဆင့်စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး စစ်မှုထမ်းဟောင်းများအဖြစ် တာဝန်ထမ်းဆောင်နေကြသူများသည် ယခင်က တိုင်းပြည်နှင့်လူမျိုးအတွက် မိမိတို့၏အသက်ခန္ဓာကိုပင် မငဲ့ကွက်ဘဲ နိုင်ငံတော်က ပေးအပ်လာသည့် တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသူများပင်ဖြစ်ကြောင်း၊ အဖွဲ့ကြီးသည်စည်းကမ်းပြည့်ဝသည့် တပ်မတော်သားအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးကြသူများနှင့် စနစ်တကျစုဖွဲ့ထားသည့် အဖွဲ့ကြီးဖြစ်သဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရသည့် ကျစ်လျစ်ခိုင်မာသည့် အဖွဲ့အစည်းကြီးလည်းဖြစ်ကြောင်း။

မိမိတို့တပ်မတော်သည်လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ သမိုင်း၏မဖြစ်မနေ လိုအပ်ချက်အရ ပေါ်ပေါက်ခဲ့သည့် တစ်ခုတည်းသောမျိုးချစ်တပ်မတော်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ရဲဘော်သုံးကျိပ်နှင့်အတူ ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ) ပေါ်ပေါက်ခဲ့ခြင်းသည် မြန်မာ့လွတ်လပ်ရေးတံခါးကို အစပျိုးဖွင့်လိုက်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ လွတ်လပ်ရေးလမ်းကြောင်းသည် ကြမ်းတမ်းခဲ့သကဲ့သို့ တိုင်းပြည်လွတ်လပ်ပြီးနောက်ပိုင်း ရင်ဆိုင်ခဲ့ရသည့် အခြေအနေများသည် လည်း တိုင်းပြည်ပြိုကွဲလုနီးနီးအထိ ဖြစ်ခဲ့ရကြောင်း၊ ထိုကဲ့သို့အခြေအနေများတွင် မိမိတို့တပ်မတော်သည် ရှိသမျှလူ၊ လက်နက်အင်အားများနှင့် တိုင်းပြည်ရန်စွယ် အသွယ်သွယ်ကို ကျားကုတ်ကျားခဲ တွန်းလှန်ပေးခဲ့ရကြောင်း။

**ခေတ်မီမျိုးချစ်တပ်မတော်**

မိမိတို့နိုင်ငံသမိုင်းကြောင်းအရ တပ်မတော်၏ ... 

အကြောင်းအရင်းကို လေ့လာကြည့်မည်ဆိုပါက စည်းလုံးညီညွတ်မှုအားနည်းခြင်းနှင့်အတူ အင်အားတောင့်တင်းပြီး စနစ်တကျစုဖွဲ့လေ့ကျင့်ထားသည့် ခေတ်မီတပ်မတော်တစ်ရပ်မရှိခဲ့ခြင်းကလည်း အဓိကအချက်တစ်ချက်အနေဖြင့် ပါဝင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ယနေ့အခါတွင် တပ်မတော်အနေဖြင့် အတိတ်က မြန်မာ့သမိုင်းစဉ်၌ ကြုံတွေ့ခဲ့ရသည့် အားနည်းချက်များကို သင်ခန်းစာယူပြီး အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ကို တည်ဆောက်ပုံဖော်နေခြင်းပင်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည်လည်းဖွဲ့စည်းတည်ထောင်ချိန်မှစ၍ တပ်မတော်၏ဦးဆောင်မှုနှင့်အတူ ပေးအပ်လာသည့်အမိန့်နှင့်တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရကြောင်း။

ယခုအခါ တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကိုရယူခဲ့ရသည်မှာ မကြာမီ ၁၀ လ ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်နှင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍနှင့် ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာရှိစေရေး ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အသက်ခန္ဓာသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို ယိမ်းယိုင်ပျက်စီးအောင် ပြုလုပ်လာသည့် အပြုအမူမှန်သမျှကို တပ်မတော်အနေဖြင့် ဥပဒေနှင့်အညီ ကာကွယ်တားဆီးသွားရမည့်တာဝန်ရှိကြောင်း၊ မိမိတို့တပ်မတော်သည် အတိတ်သမိုင်းတွင်လည်း နိုင်ငံတော်အရေးပေါ် အခြေအနေများနှင့်ကြုံတိုင်း ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ရသည့် သာဓကများရှိခဲ့ကြောင်း၊ ယနေ့ကာလ၌လည်း ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးတွင် မဲမသမာမှုများစွာကိုဖန်တီးပြီး နိုင်ငံတော်အာဏာကို အတင်းရယူရန်ကြိုးစားခဲ့သူများကြောင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး အချိန်မီထိန်းသိမ်းပေးခဲ့ရကြောင်း၊ ထိုကဲ့သို့တာဝန်ယူခဲ့ရသည့်ကာလအတွင်း

ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် အညီ အဆင့်ဆင့် အကောင်အထည်ဖော် လျက် ရှိကြောင်း။

**သွေးခွဲမှုင်းတိုက်နေ**

တပ်မတော်မှ နိုင်ငံတော်တာဝန်ကို အခြေခံဥပဒေနှင့်အညီ မဖြစ်မနေ တာဝန်ယူခဲ့ရသည့် ဖြစ်စဉ်မှန်များကို မသိကျိုးကျွံပြုကာ တပ်မတော်နှင့် ပြည်သူသွေးကွဲအောင်၊ တပ်မတော်အင်အားချည့်နဲ့ပြီး တိုင်းပြည်ပြိုကွဲအောင် သွေးခွဲမှိုင်းတိုက်နေသည် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ လုပ်ရပ်များကို သိရှိနားလည်ပြီး ဥပဒေဘောင်အတွင်းကနေ သတိရှိရှိဖြင့် တွန်းလှန်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ယနေ့အချိန်တွင် တိုင်းပြည်၏ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏အရန်အင်အားဖြစ်သည့် စစ်မှုထမ်းဟောင်းအဖွဲ့သည် တာဝန်သိသိနှင့် ပါဝင်ဆောင်ရွက်လျက် ရှိသည်ကိုတွေ့ရကြောင်း၊ ဒေသအချို့၌ သဘောထားကွဲလွဲသည့်သူများက တပ်မတော်မုန်းတီးရေးများပြောဆိုပြုလုပ်၍ အငြိမ်းစားတပ်မတော်သားစစ်မှုထမ်းဟောင်းများကို အကြမ်းဖက်တိုက်ခိုက်ခြင်း တွေ့လာရပါကြောင်း၊ ယင်းတို့ကို လုံခြုံရေးအသိ၊ လုံခြုံရေးသတိနှင့် ပြည်သူ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ကာကွယ်သွားရန်လိုကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များတွင် ထိခိုက်ဒဏ်ရာရရှိ သေဆုံးခဲ့ရသည့် စစ်မှုထမ်းဟောင်းများအတွက်လည်း အသိအမှတ်ပြုကြောင်းနှင့် ဝမ်းနည်းကြောင်းကို ပြောကြားလိုကြောင်း။

**ပြဋ္ဌာန်းထား**

မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်"ဟု ပြဋ္ဌာန်းထားကြောင်း၊ ယင်းပြဋ္ဌာန်းချက်နှင့်ဆက်စပ်ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေ(၂၀၁၀ ပြည့်နှစ်)နှင့် အရန်တပ်ဖွဲ့ဥပဒေ (၂၀၁၀ ပြည့်နှစ်)တို့ကိုလည်း ရေးဆွဲအတည်ပြုထားပြီးဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဥပဒေ၌ အသက်အရွယ်ရောက်ပြီးသည့် နိုင်ငံသားတိုင်းသည် ကာလအပိုင်းအခြားအလိုက် စစ်မှုထမ်းဆောင်ရန် ပြဋ္ဌာန်းထားကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ ဖွဲ့စည်းခြင်း၊ ဆင့်ခေါ်ခြင်းအပါအဝင် လုပ်ထုံးလုပ်နည်းများကို ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းထားသည်ကို တွေ့နိုင်ကြောင်း၊ ထို့အပြင် စစ်မှုထမ်းခြင်းမှ နုတ်ထွက်ခွင့် သို့မဟုတ် အငြိမ်းစားယူခွင့်ရရှိထားသည့် စစ်မှုထမ်းတစ်ဦးအနေဖြင့် အရန်တပ်ဖွဲ့တွင်ပါဝင်ထမ်းဆောင်နိုင်ရေး အရန်တပ်ဖွဲ့ဥပဒေကို ပြဋ္ဌာန်းထားကြောင်း၊ လိုအပ်ပါက အဆိုပါဥပဒေများကို လက်တွေ့လိုက်နာကျင့်သုံးနိုင်အောင် ဆောင်ရွက်သွားမည်ပင်ဖြစ်ကြောင်း။

> တပ်မတော်အနေဖြင့် တိုင်းပြည်၏လိုအပ်ချက်အရ ထမ်းဆောင်နေရသည့် အမျိုးသားနိုင်ငံရေး တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ သန့်သန့်ရှင်းရှင်း ဖြူဖြူ စင်စင်ဆောင်ရွက်လျက် ရှိသကဲ့သို့ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ အနေဖြင့်လည်း ချမှတ်ပေးထားသည့် လုပ်ငန်းကဏ္ဍကြီး ၅ ရပ်နှင့် ရှေ့လုပ်ငန်းစဉ် ၇ ရပ်ကို ယခုထက်မက ပိုမိုအောင်မြင်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုံ့လစိုက်ထုတ် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလို။

**ပါဝင်ကူညီဆောင်ရွက်ခဲ့**

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် ရောဂါကုသရေးဌာနများ၊ ရောဂါကာကွယ်ရေးဌာနများ၊ ကာကွယ်ဆေး ထိုးနှံရေးဌာနများတွင် ပါဝင်ကူညီဆောင်ရွက် ပေးခဲ့ကြကြောင်း၊ ဆက်လက်၍လည်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာမြို့နယ်ဒေသအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူလူထုတို့နှင့်ပူးပေါင်း ဆောင်ရွက်ခြင်းအားဖြင့် လက်တွေ့ကျသည့် စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ပင်ဖြစ်ကြောင်း၊ "တပ်နှင့်ပြည်သူ မြဲကြည်ဖြူ ဘယ်သူခွဲခွဲတို့မကွဲအမြဲစည်းလုံးမည်" ဆိုသည့်အတိုင်း တစ်ခါစစ်သားဖြစ်ခဲ့ဖူးသည့် စိတ်ကို သေတစ်ပန်သက်ဆုံး တပ်မတော်သားဆိုသည့် စိတ်ဓာတ်များနှင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့်တပ်မတော် တာဝန်များကို ထမ်းဆောင်ရင်း မသန်စွမ်းဖြစ်သွားကြသည့် တပ်မတော်သားများနှင့် ကျဆုံး၊ သေဆုံးခဲ့ကြသော တပ်မတော်သားမိသားစုဝင်များကိုလည်း ထောက်ပံ့စောင့်ရှောက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်က အငြိမ်းစားယူသွားကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များ နောင်ရေးစိတ်အေးချမ်းသာစွာနေထိုင်နိုင်စေရေး နေပြည်တော်တွင်ရှိသည့် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာအပြင် တိုင်းနှင့်ပြည်နယ်အလိုက်တွင်လည်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာများကို တည်ဆောက်ပေးခဲ့သကဲ့သို့ ဆက်လက်၍လည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ တိုင်းပြည်နှင့်လူမျိုးအတွက် တာဝန်ထမ်းဆောင်ရင်း ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ခဲ့ရသည့် စစ်သည်များ အငြိမ်းစားယူပြီးသည့်နောက်တွင် ဘဝအာမခံချက်ရှိစေရေး အသက်မွေးမှုအတတ်ပညာများကိုလည်း တပ်မတော်အသက်မွေးမှု အတတ်ပညာသင်စခန်းများတွင် သင်ကြားပေးလျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက်ကိုသာမက မှီခိုသူသားသမီးများ၊ စစ်မှုထမ်းဟောင်း သားသမီးများ၏ ပညာရေးအတွက်ပါ အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။ တိုင်းပြည်တည်ငြိမ်အေးချမ်းစေရေး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးသည် မရှိမဖြစ်လိုအပ်သည့်အရာပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် အပြည့်အဝရောက်ရှိပြီး မိမိတို့အားလုံး တူညီစွာလိုလားသည့် နိုင်ငံရေးစနစ်တစ်ခု တည်ဆောက်နိုင်ကြရေးကို တပ်မတော်က စိတ်ရင်းစေတနာမှန်မှန်နှင့် ဆောင်ရွက်ပေးလျက် ရှိကြောင်း။

**ခိုင်မာသည့် ပေါင်းကူးသဖွယ်**

တပ်မတော်အနေဖြင့် တိုင်းပြည်၏ လိုအပ်ချက်အရ ထမ်းဆောင်နေရသည့် အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်မှုနှင့်ပတ်သက်၍ သန့်သန့်ရှင်းရှင်း ဖြူဖြူစင်စင်ဆောင်ရွက်လျက်ရှိသကဲ့သို့ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့်လည်း ချမှတ်ပေးထားသည့်လုပ်ငန်းကဏ္ဍကြီး ၅ ရပ်နှင့် ရှေ့လုပ်ငန်းစဉ် ၇ ရပ်ကို ယခုထက်မက ပိုမိုအောင်မြင်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုံ့လစိုက်ထုတ် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ တပ်မတော်သားဟောင်းများဖြစ်သည့် စစ်မှုထမ်းဟောင်းများသည် တပ်မတော်၏အစဉ်အလာကောင်းများကို ထာဝစဉ်ထိန်းသိမ်းသကဲ့သို့ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ကောင်းမွန်သည့်ဂုဏ်သိက္ခာများကိုလည်း ဆက်လက်စောင့်ထိန်းသွားကြရမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏အရန်အင်အားအဖြစ် ခိုင်ခိုင်မာမာရပ်တည်သွားကြရမည်ဖြစ်ကြောင်း၊ ချမှတ်ပေးထားသည့် ရှေ့လုပ်ငန်းစဉ် ၇ ရပ်နှင့် လုပ်ငန်းကဏ္ဍကြီး ၅ ရပ်ကို စစ်သားကောင်း တစ်ယောက်ပီပီ လိုက်နာအကောင်အထည်ဖော်ပြီး ပြည်သူနှင့် တပ်မတော်အကြား ခိုင်မာသည့် ပေါင်းကူးသဖွယ်ဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# (၆၆) နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

# ( ၇- ၁၁ - ၂၀၂၁ )

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ**

နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သည့် (၆၆) နှစ်မြောက်၊ ကရင်ပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်တွင်တည်ရှိပြီး သာယာလှပသည့် ရေမြေတောတောင် သဘာဝအလှများ ပေါကြွယ်ဝသော ပြည်နယ်တစ်ခုဖြစ်ပါသည်။

၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေအမှတ် (၆၂) အရ သံလွင်ခရိုင်၊ ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ်လည်းကောင်း၊ ၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ်တိုးချဲ့သတ်မှတ်ရေးအက်ဥပဒေအမှတ် (၁၄) အရ သံလွင်ခရိုင်နှင့် ဆက်စပ်ဒေသဖြစ်သည့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်ကြီးမြို့နယ် (၅) မြို့နယ်ကို ကရင်ပြည်နယ်အဖြစ် ဒုတိယအဆင့် တိုးချဲ့သတ်မှတ်ခြင်းဖြင့်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့တွင် မြဝတီမြို့ကို မြို့နယ်တစ်ခုအဖြစ်သတ်မှတ်ပြီး ကရင်ပြည်နယ်ကို မြို့နယ်ပေါင်း (၇)မြို့နယ်ဖြင့်လည်းကောင်း အဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ်သတ်မှတ်သော ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေကို နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုးသည့် ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် စတင်သတ်မှတ်ခဲ့ရာ ယခုဆိုလျှင် (၆၆) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ကရင်ပြည်နယ်အတွင်း ပြည်နယ်၏ အထင်ကရသင်္ကေတတစ်ခုဖြစ်သည့် သံလွင်မြစ်ကြီး၏ တသွင်သွင်စီးဆင်းနေမှုနှင့်အတူ တောတောင်ရေမြေသဘာဝရှုခင်းများနှင့် စိမ်းလန်းစိုပြည်ပြီး ရေခံမြေခံကောင်းမွန်သောဒေသတစ်ခု ဖြစ်ပါသည်။

**သယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝ**

သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝပြီး အဖိုးတန်သစ်တောများလည်း ရှိနေသည့်အပြင် ရာသီဥတုသမမျှတမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသည့် သာယာလှပသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ကရင်ပြည်နယ်သည် သဘာဝအလှတရားများဖြစ်သည့် သာယာလှပသောတောတောင်များ၊ လိုဏ်ဂူများ၊ ရေတံခွန်စိမ့်စမ်းများ၊ ရိုးသားဖြူစင်သည့် ဒေသခံတိုင်းရင်းသားတို့၏ ချစ်ခင်နှစ်သက်ဖွယ် ဓလေ့ထုံးတမ်းအစဉ်အလာများ မြတ်နိုးဖွယ်ရာရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြင့် ပြည့်စုံကြွယ်ဝသည့် ဒေသတစ်ခုဖြစ်သည်နှင့်အညီ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများ၊ ပြည်တွင်း/ပြည်ပခရီးသွားလုပ်ငန်းများကို ကောင်းမွန်စွာဆောင်ရွက်နိုင်သည့် အခင်းအကျင်းနှင့် ပြည့်စုံသည့်ပြည်နယ်တစ်ခုဖြစ်ပါသည်။ ကရင်တိုင်းရင်းသားတို့၏ ရှင်မြူးတက်ကြွဖွယ် ကရင်ဒုံးယိမ်းအကနှင့် ဖားစည်သံတို့သည် ပြည်တွင်း၌သာမက ပြည်ပကပါ နှစ်သက်မြတ်နိုးသော ရိုးရာဓလေ့ထုံးစံတစ်ခု ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးကုန်သွယ်မှုနေရာဖြစ်သည့် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၂)နှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်းတို့ကြောင့်လည်း ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများ တစ်နေ့တခြား တိုးပွားဖြစ်ထွန်းလျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်မြင်တွေ့နေရပါသည်။

ကရင်ပြည်နယ်ရှိ အချို့မြို့နယ်များသည် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများပေါ်တွင် မှီခိုနေသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပြည့်ဝစွာမဆောင်ရွက်နိုင်သော်လည်း ပြည်နယ်တစ်ခုလုံး၏ ထွက်ရှိမှုအရ စားနပ်ရိက္ခာဖူလုံမှုရှိသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ပြည့်ဖြိုးမြစ်ဝှမ်းအင်ဖြစ်သည့် ရေအရင်းအမြစ်ပေါ်များသော ကရင်ပြည်နယ်အတွက် သံလွင်မြစ်ပေါ်တွင် ရေအားလျှပ်စစ်စက်ရုံတည်ဆောက်နိုင်ပါက ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုဆောင်ရွက်ရသည့် စက်ရုံအလုပ်ရုံများ ပိုမိုတိုးတက်လည်ပတ် ဆောင်ရွက်နိုင်မည့်အပြင် ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့ခင်ဗျာ -**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အိမ်စောင့်အစိုးရဖွဲ့စည်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကပင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် အေးအတူပူအမျှ စုပေါင်းနေထိုင်လျက်ရှိပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ စာပေ၊ သဘင်၊ ဂီတ အနုပညာများသည် နှစ်ပေါင်းထောင်ချီဖြစ်တည်ခဲ့ကြပါသည်။ ထိုသို့တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့ကြသော်ငြား ကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်ချိန်တွင် သွေးခွဲအုပ်ချုပ်မှုများကြောင့် တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်းစည်းလုံး ညီညွတ်မှုပျက်ယွင်းကာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ကြပါသည်။

ယနေ့အချိန်တွင် လွတ်လပ်ရေးရပြီးချိန်မှ စတင်ဖြစ်ပွားခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများကို အပြီးတိုင်မဖြေရှင်းနိုင်သေးခြင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာ မတည်ဆောက်နိုင်သေးခြင်းတို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးနေရသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးကို အပြည့်အဝဖော်ဆောင်နိုင်ခြင်းမရှိသေးသမျှ ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးတရားများကို ပြည်ထောင်စုသားအချင်းချင်း မျှဝေခံစားနိုင်မည့် အခွင့်အလမ်းများ နည်းပါးနေဆဲဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားညီနောင်များအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များသည် ပြည်သူအားလုံး အလိုချင်ဆုံး၊ အတောင့်တဆုံးဆန္ဒများပင်ဖြစ်ပါသဖြင့် ငြိမ်းချမ်းသာယာသည့် လူမှုအသိုက်အဝန်းကြီးတစ်ခုကို နောင်မျိုးဆက်သစ်များအတွက် အမွေကောင်းအဖြစ်ချန်ထားပေးကြရမည်ဖြစ်ပါသည်။ သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် မြန်မာနိုင်ငံအတွက် ထာဝရငြိမ်းချမ်းရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးပါဝင်ပြီး အမှန်တကယ်တည်ဆောက်ပေးနိုင်ပါက မိမိတို့အားလုံးမျှော်မှန်းသည့် လွတ်လပ်သော၊ ငြိမ်းချမ်းသော၊ သာယာဝပြောသော၊ ဖွံ့ဖြိုးတိုးတက်သော လူမှုအသိုက်အဝန်းကြီးတစ်ခု အမြန်ဆုံးပေါ်ပေါက်လာမည် ဟု ယုံကြည်မိပါသည်။

နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံးဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊

ကျန်းမာရေးစသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် ကဏ္ဍအားလုံးကို ကရင်ပြည်နယ်အပါအဝင် ဒေသအသီးသီးတွင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့သော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများ၏အန္တရာယ်ကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အလေးထား တိုက်တွန်းအပ်ပါသည်။

ရှေ့ဆက်လက်ရင်ဆိုင်ရမည့် နိုင်ငံနှင့်လူမျိုးအပေါ် ကျရောက်လာမည့် မည်သည့်အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် မျိုးချစ်စိတ်ဓာတ်ဖြင့် အခိုင်အမာရင်ဆိုင်ကျော်လွှားနိုင်မည်ဟု အပြည့်အဝယုံကြည်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမ အပေါင်းတို့ခင်ဗျာ**

လွတ်လပ်ရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၏အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားများ၏ သွေးစည်းညီညွတ်မှုမော်ကွန်းကို ဖော်ညွှန်းသက်သေထူခဲ့သည့် ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့သည့် နေ့ကို ပြည်ထောင်စုနေ့အဖြစ် အထွတ်အမြတ်ပြုဆောင်ရွက်ခဲ့သည်မှာ မကြာမတင်သောကာလတွင် (၇၅) နှစ်ပြည့်စိန်ရတုသဘင်ကို ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ယနေ့အချိန်ကာလသည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သည့် တစ်နိုင်ငံလုံးထာဝရ ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် အချိန်အခါဖြစ်ရာ ယခုကဲ့သို့သော ထူးမြတ်သည့် ကရင်ပြည်နယ်နေ့အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိတိုင်းရင်းသားပြည်သူအားလုံးကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့်ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် ကြိုးပမ်းစွမ်းဆောင်နိုင်သူများဖြစ်ကြပါစေ၊ ပြည်နယ်အကျိုး၊ ပြည်နယ်သားများ၏အကျိုး၊ နိုင်ငံအကျိုး၊ နိုင်ငံသားများ ၏အကျိုး သယ်ပိုးနိုင်သူများဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

■ ■ ■

# (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

## ( ၂၈- ၁၁ - ၂၀၂၁ )

**ချစ်ခင်လေးစားရပါသော မြန်မာပြည်သူ ပြည်သားအပေါင်းတို့ ခင်ဗျား**

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ကျရောက်သည့် (၁၀၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ယနေ့သည် အတိတ်ခေတ်မြန်မာ့ဂုဏ်ရည်ကို ပြန်ပြောင်းသတိရ ဂုဏ်ယူကြရမည့် အမျိုးသားအောင်ပွဲနေ့ဖြစ်ပါသည်။ အနာဂတ် နိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လိုသည့် အားသစ်အင်သစ်များ တိုးပွားလာစေသည့် နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ အမျိုးသားအောင်ပွဲနေ့သည် မြန်မာတစ်မျိုးသားလုံး၏ မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို ဖော်ကျူးပြသနိုင်သည့် နေ့တစ်နေ့လည်း ဖြစ်ပါသည်။

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် အုပ်ချုပ်နေထိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့သော် ၁၈၈၅ ခုနှစ် နယ်ချဲ့ ဗြိတိသျှကိုလိုနီလက်အောက်ကျရောက်ခဲ့သည့်အချိန်မှစပြီး ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ မြန်မာ့ပညာရေးတို့သည် အောက်တန်းနောက်တန်းကျရောက်ခဲ့ရပါသည်။ မျိုးချစ်စိတ်နှင့် သူရသတ္တိရှိသူများက ဆန့်ကျင်တိုက်ပွဲများ ဆင်နွှဲကြသော်လည်း နည်းပညာ၊ ခေတ်မီလက်နက်နှင့်အတွေ့အကြုံများနည်းပါးခြင်း၊ စနစ်တကျစုစည်းဆောင်ရွက်မှု အားနည်းခြင်းတို့ကြောင့် အောင်မြင်မှုနှင့် အလှမ်းဝေးခဲ့ကြရပါသည်။ ကိုလိုနီနယ်ချဲ့တို့သည် ၎င်းတို့၏ အုပ်ချုပ်ရေးယန္တရားနှင့် လိုက်လျောညီထွေဖြစ်မည့် ကိုလိုနီပညာရေးစနစ်ကို စီမံဖန်တီးခဲ့ကြပါသည်။ ဤသို့ဖြင့် မြန်မာ့ပညာရေးနိမ့်ပါးကာ ကျွန်ပညာရေး စနစ်အောက်တွင် မြန်မာတစ်မျိုးသားလုံး ဆင်းရဲဒုက္ခအတိရောက်ခဲ့ကြပါသည်။

၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို မြန်မာပြည်သူများ အလိုဆန္ဒနှင့်ဆန့်ကျင်ပြီး နယ်ချဲ့အစိုးရက အတင်းအကျပ် ပြဋ္ဌာန်းခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်ခြင်းကို ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) တွင် ဆန့်ကျင်ကန့်ကွက်ခဲ့ရာမှ ထိုနေ့ကို ဂုဏ်ပြုသောအားဖြင့် အမျိုးသားအောင်ပွဲနေ့ဟု သတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။

ယနေ့သည် အမျိုးသားရေး စိတ်ဓာတ်ကို အခြေခံပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်အတွက် အမျိုးသားပညာရေးလှုပ်ရှားမှုကို စတင် ဆောင်ရွက်ခဲ့သည့် (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပါသည်။ နိုင်ငံသားတိုင်းသည် မျိုးချစ်စိတ်မြင့်မားရေးနှင့်ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲရေးအတွက် ခိုင်မာသည့်ပညာရေးအခြေခံကောင်းများရှိရန် လိုအပ်ပါသည်။

ယနေ့ခေတ်သည် သတင်းအချက်အလက် နည်းပညာခေတ်ဖြစ်သည့်အလျောက် ပြည်ပနိုင်ငံများမှ ထိုးဖောက်ဝင်ရောက်လာသည့် ယဉ်ကျေးမှုများနှင့် အတွေးအခေါ်များကို နှိုင်းချင့်ဝေဖန်သုံးသပ်ပြီး အမျိုးသားရေး

စရိုက်လက္ခဏာများ မပျောက်ပျက်ရန်၊ ခိုင်မာသည့် အမျိုးသားစိတ်ဓာတ်နှင့် စစ်မှန်သည့် ပြည်ထောင်စု စိတ်ဓာတ်၊ မှန်ကန်သော မျိုးချစ်စိတ်ဓာတ်များရှိရန် အထူးလိုအပ်လျက် ရှိပါသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု အခြေခံအုတ်မြစ်များကို ချမှတ်နိုင်ခဲ့ပြီး ပြုပြင်ပြောင်းလဲမှုများကို အစွမ်းရှိသမျှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ပြုပြင်ပြောင်းလဲမှုများတွင် ပညာရေးပြောင်းလဲမှုများသည် အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အမှီပြုလျက်ရှိနေသဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပေးလျက်ရှိပါသည်။ မှန်ကန်သော အတွေးအခေါ်၊ ကောင်းမွန်သော အကျင့်စာရိတ္တတို့ဖြင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးပြီး ခေတ်စနစ်၏ လိုအပ်ချက်များနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်နိုင်သော ပညာရေးစနစ် ဖြစ်ပေါ်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

နိုင်ငံတော်၏ နိုင်ငံရေးတည်ငြိမ်မှု၊ အေးချမ်းသာယာမှု၊ စည်းလုံးညီညွတ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများစားဝတ်နေရေးဖူလုံမှု၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်မှုသည် ပညာရေးမှ လေ့ကျင့်ပျိုးထောင်ပေးလိုက်သည့် မျိုးချစ်စိတ်ကို အခြေခံသည့် အသိပညာ၊ အတတ်ပညာများသာ ဖြစ်ပါသည်။

အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ နည်းပညာနှင့် သက်မွေးပညာတို့ကို သင်ယူလေ့ကျင့်ရာတွင် မြန်မာ့ရေမြေသဘာဝနှင့်ကိုက်ညီပြီး နိုင်ငံတကာ အဆင့်မီစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိ သကဲ့သို့ အထူးပညာရေးအစီအစဉ်နှင့် လူတိုင်းအကျုံးဝင် ပညာရေးအစီအစဉ်များဖြင့် နိုင်ငံသားတစ်ဦးတစ်ယောက်မကျန် ပညာသင်ယူခွင့်ရရှိရေးကိုလည်း အလေးပေး ဆောင်ရွက်လျက်ရှိပါသည်။

တက္ကသိုလ်များတွင် ပညာရပ်ဝန်းကျင်ကောင်းများ ပေါ်ထွန်းရေးကို ဆောင်ရွက်ပေးပြီး စည်းကမ်းရှိသော မျိုးချစ်စိတ်ရှိသော အခက်အခဲနှင့်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်သည့် စွမ်းရည်ပြည့်ဝနှလုံးလှသည့် ပညာတတ်များပေါ်များလာစေရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။ စွမ်းရည်ပြည့်ဝသော ခေတ်ပညာတတ် လူငယ်လူရွယ်များ ပေါ်ထွက်လာရေးအတွက် နိုင်ငံတော်သည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်နေပါသည်။ ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကျက်စာမေးပွဲအောင်ရုံဖြင့် ပညာတတ်သည်ဟု အပြည့် အဝမဆိုနိုင်ပါ။ အကောင်းအဆိုးအကြောင်းအကျိုး အမှားအမှန် ခွဲခြားနိုင်ပြီး လက်တွေ့နယ်ပယ်တွင် ဉာဏ်နှင့်ယှဉ်ကာ အောင်မြင်အောင် စွမ်းဆောင်နိုင်မှသာ တကယ့်ပညာတတ်အစစ် ဖြစ်ပါမည်။ မိမိတို့ သင်ကြားတတ်မြောက်ထားသော ပညာရပ်ကိုတိုင်းရင်း သား ပြည်သူများ၊ လူမှုဘဝတိုးတက်အောင် စွမ်းဆောင်ကြရမည်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နေ့စဉ်လူမှုဘဝတွင် အသုံးချနိုင်မည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ပိုမိုလေ့လာသင်ယူကြရပါမည်။ မိမိ၏မှန်ကန်သော မျိုးချစ်စိတ်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားအောင် စွမ်းဆောင်နိုင်ကြရမည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ရင်းနှီးချစ်ခင်ပြီး စိတ်ရင်းစေတနာအမှန်ဖြင့် ကူညီစောင့်ရှောက်တတ်သူများ ဖြစ်လာစေရန် ကြိုးပမ်းကြရမည် ဖြစ်ပါသည်။

ပြည်ထောင်စုသားတိုင်းက ၂၀၂၁ ခုနှစ် (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ ဖြစ်သော -

(က) တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊

(ခ) ပြည်ထောင်စုတစ်ဝန်းလုံး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာအဆင့် မြှင့်တင်ဆောင်ရွက်ရေး၊

(ဂ) မျိုးချစ်စိတ်ဓာတ်ကို အရင်းခံသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်

ထက်မြက်ရေး၊

(ဃ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းစွာဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ရေးတို့နှင့်အညီ အလေးထား ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါသည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် အမိနိုင်ငံတော်ကြီးကို အမှန်တကယ် ချစ်မြတ်နိုးပြီး အချင်းချင်း သံသယစိတ်ကင်းရှင်းစွာဖြင့် အပြန်အလှန် လေးစားညီညွတ်လျက် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ကောင်းစေတနာအပြည့် ဖွဲလုံ့လအပြည့်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့် ဤသို့ထူးခြားလေးမြတ်လှသည့် အမျိုးသားအောင်ပွဲနေ့အခါသမယ၌ "နိုင်ငံတော်သာယာဝပြောဖို့၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့" ဟူသော (၁၀၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်နှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဘိုးဘွားအမွေဖြစ်သော ပြည်ထောင်စုနိုင်ငံတော်ကြီးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် အလေးထား ကာကွယ်စောင့်ရှောက်ပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

■ ■ ■